၁၉၅၇ ခုနှစ်ကစတင်ထုတ်ဝေခဲ့သည်
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပေါင်းလကွယ်၊ တနင်္ဂနွေနေ့ (30-3-2014) (၇၈၀၀)

**ထူးခြားသည့်နေ့အပူချိန်များ**

| | | |
|---|---|---|
| ချောက် | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မင်းဘူး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၂ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၁ | ဒီဂရီစင်တီဂရိတ် |

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# စာပေသည် လူသားတို့အတွက် ဘဝအလင်းရောင်၊ စာပေပညာရှင်များသည် အလင်းရောင်ကို ဖန်တီးသူများဖြစ်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့တွင် ကျင်းပသည့် (၅)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်း စာပေဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပေးပို့သည့်နှုတ်ခွန်းဆက်သဝဏ်လွှာ**

**၂၀၁၄ ခုနှစ်၊ မတ်လ ၃၀ ရက်**

(၅)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်း စာပေဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ပုဂ္ဂိုလ်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ယနေ့သည် မဲခေါင်ဒေသနှင့် ပတ်သက်ယှက်နွယ်လျက်ရှိသော နိုင်ငံများအတွက်လည်းကောင်း၊ ထိုနိုင်ငံများတွင် နေထိုင်ကြသော ပြည်သူများနှင့်တကွ စာပေပညာရှင်များအတွက်လည်းကောင်း အလွန်တရာမင်္ဂလာရှိလှသည့် ထူးမြတ်သောနေ့တစ်နေ့ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မဲခေါင်မြစ်ကြီးနှင့် ရင်းနှီးကျွမ်းဝင်တူယှဉ်ထာဝရ နေထိုင်ကြသောနိုင်ငံများမှ ပြည်သူ့အကျိုးပြုစာပေများရေးသားပြုစုခဲ့သည့် စာပေပညာရှင်များကို ဂုဏ်ပြုဆုချီးမြှင့်သည့် နေ့တစ်နေ့ဖြစ်သောကြောင့်ပင်ဖြစ်ပါသည်။

စာပေသည် လူသားတို့အတွက် ဘဝအလင်းရောင်ဖြစ်ပါသည်။ စာပေပညာရှင်များသည် အလင်းရောင်ကို ဖန်တီးသူများဖြစ်ကြပါသည်။ ထိုကဲ့သို့သော စာပေပညာရှင်များကို မဲခေါင်ဒေသနိုင်ငံများက စည်းလုံးညီညွတ်စွာဖြင့် ဆုများချီးမြှင့်ခဲ့သည်မှာ (၅)ကြိမ်တိုင်တိုင် ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ ဤ(၅)ကြိမ်မြောက် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ စာပေပညာရှင်များ တက်ရောက်ခွင့်ရအောင် ဖိတ်ကြားပေးသဖြင့် ကမ္ဘောဒီးယားနိုင်ငံ စာရေးဆရာအသင်းအား များစွာကျေးဇူးတင်ရှိပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ရင်းနှီးချစ်ကြည်စွာ အပြန်အလှန်ဆက်ဆံလျက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လိုသော ဆန္ဒရှိသည်နှင့်အညီ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မဲခေါင်ဒေသစာရေးဆရာအသင်းများ ချစ်ကြည်ရင်းနှီးရေးနှင့် အပြန်အလှန်ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးတို့ကို ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆန္ဒပြုလျက် သဝဏ်လွှာပေးပို့လိုက်ပါသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲ၌ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားသည်။

**[နိုင်ငံတော်သမ္မတ၏ ပြောကြားချက်ကို စာမျက်နှာ(၈)တွင် သီးခြားဖော်ပြထားသည်။]**

ထို့နောက် ကယန်းအမျိုးသားပါတီမှ အထွေထွေအတွင်းရေးမှူး ဦးနန်းရီ၊ ချင်းတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးဒိုထန်ကပ်၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီဥက္ကဋ္ဌ ဦးရဲထွန်း၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခွန်မျိုးမြင့်ဦး၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီဥက္ကဋ္ဌ ဦးခင်မောင်ဆွေ၊ ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇိုဇမ်း၊ မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇင်အောင်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ အထွေထွေအတွင်းရေးမှူး ဒေါက်တာမင်းနွယ်စိုး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးပူကျင့်ရှင်းထန်၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



ကြေးမုံစာတည်းရှုထောင့် ၃၀-၃-၂၀၁၄၊ တနင်္ဂနွေနေ့

# နိုင်ငံရေးယဉ်ကျေးမှုသစ်

ယနေ့သည် ဒီမိုကရေစီအစိုးရသစ်သက်တမ်းကာလ သုံးနှစ်ပြည့်မြောက်သောနေ့ဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပေသည်။

အစိုးရသစ်အနေဖြင့် စတင်တာဝန်ယူစဉ်အချိန်ကတည်းက မူဝါဒသဘောထားနှင့် လမ်းစဉ်များကို ထုတ်ဖော်ကြေညာကာ ပြည်တွင်းပြည်ပမှ လူပုဂ္ဂိုလ်အဖွဲ့အစည်းများအားလုံးကို တိုင်းပြည်၏ အကျိုးစီးပွားအတွက် တူညီသည့် ကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်အတွက် ငြိမ်းချမ်းရေးတံခါးကို စတင်ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

ထိုအချိန်မှစတင်၍ သုံးနှစ်တာကာလအတွင်း အချို့က သံသယမျက်လုံးများနှင့် ကြည့်ခဲ့ကြသေးသည်။ အချို့နေရာများတွင် မမျှော်လင့်သော စိန်ခေါ်မှုများ၊ အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားဖြတ်သန်းခဲ့ရသေးသည်။ မည်သို့ပင်ဆိုစေကာမူ သုံးနှစ်တာကာလအတွင်း ဖြတ်သန်းခဲ့သော ဒီမိုကရေစီခရီးလမ်းပေါ်သို့ ရောက်ရှိပြီး ရှေ့သို့ခရီးပေါက်အောင် လျှောက်လှမ်းနေပြီကို မြင်တွေ့နေရသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့တွင် "နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့သို့ဆက်လျှောက်မယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်နဲ့ ကြိုးပမ်းအားထုတ် လျှောက်လှမ်းခဲ့တဲ့ရလဒ်ကို မြင်တွေ့နေရပြီဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ နိုင်ငံနှင့် ပြည်သူအားလုံး ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာကောင်းတဲ့ အခြေအနေသစ်တစ်ရပ်ကို ကျွန်တော်တို့အားလုံး ဝိုင်းဝန်းဖန်တီးနိုင်ခဲ့ပါပြီ"ဟု တာဝန်ထမ်းဆောင်မှုသက်တမ်းသုံးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံများ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်စဉ်များကို ပြန်လည်လေ့လာကြည့်လျှင် ကူးပြောင်းမှုတိုင်း၌ စိန်ခေါ်မှုများ၊ ခက်ခဲကြမ်းတမ်းမှုများကို ရင်ဆိုင်ရတတ်သည်။ ထိုစိန်ခေါ်မှုများကို ကြံ့ကြံ့မခံနိုင်ဘဲ လမ်းကြောင်းသွေဖည်သွားသည်နှင့် မျှော်မှန်းထားသော ဒီမိုကရေစီခရီးပန်းတိုင်နှင့် အလှမ်းဝေးသွားခဲ့ရသည့် နိုင်ငံတကာဖြစ်စဉ်အချို့ကိုလည်း မှတ်သားဖူးသည်။

သုံးနှစ်တာခရီးလမ်းသည် ဒီမိုကရေစီခရီး၏ အစခရီးမျှသာရှိသေးသည်။ တိုတောင်းလှသည့် နုနယ်သေးသော ခရီးလမ်းတွင် စိန်ခေါ်မှုများစွာကို သိမ်မွေ့ညင်သာစွာကိုင်တွယ်ကာ မိမိတို့ ဦးတည်ရာလမ်းကြောင်းအတိုင်း ဖြောင့်တန်းစွာ လျှောက်လှမ်းနေပြီဖြစ်၍ နိုင်ငံအတွက် ဂုဏ်ယူစရာဖြစ်သလို တိုင်းရင်းသားပြည်သူအားလုံးအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်သည်။

မတူကွဲပြားမှုတို့ကို တူညီအောင် ဆောင်ရွက်ရမည့်အလုပ်မှာ အလွန်ခက်ခဲသောအလုပ်ဖြစ်သည်။ တစ်အူထုံ့ဆင်း မောင်ရင်းနှမအတွင်းမှာပင် တစ်ယောက်တစ်မျိုး ကွဲပြားခြားနားမှုများ ရှိချေသေးသည်။ တစ်မိဝမ်းတွင်းမှ မဟုတ်သည့် သွေးမတော်သားမစပ်များဖြစ်လျှင် မည်သို့ တူညီတိုက်ဆိုင်နိုင်မည်နည်း။

ယခုမြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် အမြင်မတူမှုများ၊ မတူကွဲပြားမှုများအား နိုင်ငံရေးကျင့်စဉ်ကောင်းများကို အခြေခံကာ ငြိမ်းချမ်းစွာညှိနှိုင်းဆွေးနွေးအဖြေရှာသည့် ဒီမိုကရေစီကျင့်စဉ်သစ်ကို ပြည်သူများနားလည်လက်ခံလာကြပြီဖြစ်သည်။ ယင်းသည် 'နိုင်ငံရေးယဉ်ကျေးမှုသစ်' တစ်ရပ်ဟု ဆိုနိုင်ပြီး ပြည်သူကိုဗဟိုပြုသည့် အစိုးရ၊ လွှတ်တော်၊ ပြည်သူတစ်ရပ်လုံး၏ ကြိုးပမ်းအားထုတ်မှုပင်ဖြစ်သည်။

သုံးနှစ်တာကာလသည် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးခရီး စတင်ခါစ ကာလဖြစ်သည်။ ရင်ဆိုင်ခဲ့ရ၊ ရင်ဆိုင်နေရသည့် ပြဿနာများကို ရှင်းလင်းပြတ်သားစွာဖြင့် လက်တွေ့ကျသည့် အဖြေတစ်ခုရရှိအောင် အားလုံးပူးပေါင်း ဆောင်ရွက်ကြဖို့လိုမည်ဖြစ်သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေး တိုတောင်းသည့် ကာလတစ်ခုကို ကျွန်ုပ်တို့ဖြတ်သန်းနေသည်ဟု သိရှိနားလည်ထားကြရမည်ဖြစ်သည်။ ထိုမှတင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီစံနှုန်းများကို အပြည့်အဝရရှိနိုင်ရန်အတွက်မူ ဒီမိုကရေစီခရီးလမ်းတွင် ဖြည်းဖြည်းမှန်မှန်နှင့် တစ်ဦးနှင့်တစ်ဦး သဘောထားကြီးကြီးထားကာ လျှောက်လှမ်းကြဖို့လိုမည်ဖြစ်သည်။

ယခုအခါ ဒီမိုကရေစီ နိုင်ငံရေးအရွေ့ကို မြင်တွေ့နေရပြီး ခက်ခဲသောလမ်းနှင့် မှားယွင်းသော လမ်းကြောင်းပေါ်သို့ ပြောင်းလဲရောက်မသွားစေဘဲ အမြော်အမြင်ကြီးမားမှု၊ အတွေ့အကြုံရင့်ကျက်မှု၊ စိတ်ရင်းစေတနာမှန်ကန်မှုတို့ကို အသုံးပြုကာ ဒီမိုကရေစီ အမွေခံပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးကြရန် တိုက်တွန်းအပ်ပါသည်။ ။

# သန်းခေါင်စာရင်းအကြောင်း ဖြေကြားနိုင်သူများအား Skynet ရုပ်သံဖမ်းစက်နှင့် အမှတ်တရပစ္စည်းများပေးအပ်ချီးမြှင့်

**နေပြည်တော် မတ် ၂၉**

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ မတ် ၂၅ ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်-ရန်ကုန်ကားလမ်းတစ်လျှောက်ရှိ ပုသိမ်မြို့နယ် ကိုးဆူကျေးရွာနှင့် ကန်ကြီးထောင့်မြို့နယ် ခုံဇင်ကုန်းကျေးရွာတို့၌ ကျေးရွာရပ်မိရပ်ဖများ၊ သန်းခေါင်စာရင်းမြေပြင်ကွင်းဆင်းကောက်ယူကြမည့် စာရင်းစစ်၊ စာရင်းကောက်များနှင့်အထောက်အကူပြုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံကာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများနှင့် သန်းခေါင်စာရင်းမေးခွန်းများမှန်မှန်ကန်ကန် ဖြေကြားနိုင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သန်းခေါင်စာရင်းလုပ်ငန်းစဉ်နှင့် မေးခွန်းများနှင့်စပ်လျဉ်း၍ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားနိုင်သူ ဒေသခံပြည်သူများအား ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သန်းခေါင်စာရင်း အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာ၌ လည်းကောင်း၊ ပန်းတနော်မြို့နယ် အင်းကျေးရွာ၌ လည်းကောင်း ကျေးရွာသန်းခေါင်စာရင်း ကော်မတီဝင်များ၊ စာရင်းစစ်၊ စာရင်းကောက်များနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံကာ သန်းခေါင်စာရင်း မေးခွန်းပုံစံများနှင့်ဖြေကြားချက်များအပေါ် ပြည်သူများအား ရှင်းလင်းချပြနိုင်ရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်မည့် အထောက်အကူပြုအဖွဲ့များ၏ ဆောင်ရွက်မည့် အခြေအနေများကို မေးမြန်းဆွေးနွေးအကြံပြု ပြောကြားပြီးနောက် သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာကို မေးမြန်းဆွေးနွေး၍ ပြန်လည်ဖြေကြားနိုင်သူများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီးနောက် သန်းခေါင်စာရင်းအကြောင်း ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားနိုင်သည့် ကညင်သုံးဆင့်ကျေးရွာမှ ဒေသခံပြည်သူနှစ်ဦးနှင့် အင်းမကျေးရွာမှ ဒေသခံပြည်သူတစ်ဦး စုစုပေါင်းဒေသခံပြည်သူသုံးဦးတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်ထောင်စုဝန်ကြီးက ပေးအပ်ချီးမြှင့်၍ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များတိုးလာနိုင်

**နေပြည်တော် မတ် ၂၉**

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင်နေရာကျဲကျဲ၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ပူတာအိုမြို့တွင် သုည ဒသမ ၁၂ လက်မနှင့် မချမ်းဘောမြို့တွင် သုည ဒသမ ၀၈ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်** မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် နေ့အပူချိန်များအနည်းငယ်တိုးလာနိုင်သည်။

# နေပြည်တော်ကောင်စီနယ်မြေ၌ ဓမ္မာစရိယစာမေးပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပန်းခင်းရပ်ကွက် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီးတွင် အစိုးရဓမ္မာစရိယစာမေးပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၅ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ ဓမ္မာစရိယစာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ပါရာဇိကကဏ်စာရင်းသွင်းသံဃာ ၁၁၄ ပါး၊ သီလက္ခန်စာရင်းသွင်းသံဃာ ၂၇၅ပါး၊ ဓမ္မသင်္ဂဏီ စာရင်းသွင်းသံဃာ ၁၅၅ပါး၊ မြန်မာဂုဏ်ထူး စာရင်းသွင်းသံဃာခြောက်ပါး၊ ပါဠိဂုဏ်ထူး စာရင်းသွင်းသံဃာ နှစ်ပါးတို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး ကြီးကြပ်ဆရာတော် ၁၉ ပါးနှင့် စာဖြေသံဃာတော်များအား စေတနာရှင်အလှူရှင်များက နေ့စဉ်နေ့ဆွမ်းနှင့် အချိုရည်များ ဆက်ကပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**








နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များ တင်ပြဆွေးနွေးကြစဉ်။

(သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)



☆ ရှေ့ဖုံးမှ

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ ပြန်ကြားရေးမှူး ဦးမာမက်စလင်းနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းတို့က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေး တည်ဆောက်မှု၊ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားရေးရာများ၊ နိုင်ငံရေးပါတီများအား အကူအညီပေးရေးတို့နှင့် စပ်လျဉ်း၍ ပွင့်လင်းစွာတင်ပြဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲဒုတိယပိုင်းကို ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီးများက နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



ဦးဇိုဇမ်း
ဥက္ကဋ္ဌ
ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ



ဦးဇင်အောင်
ဥက္ကဋ္ဌ
မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ



ဒေါက်တာမင်းနွယ်စိုး
အထွေထွေအတွင်းရေးမှူး
မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ



ဦးပူကျင့်ရှင်းထန်
ဥက္ကဋ္ဌ
ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ



ဦးမာမက်စလင်း
ပြန်ကြားရေးမှူး
အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ



ဦးစိုင်းအိုက်ပေါင်း
ဥက္ကဋ္ဌ
ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ

## ပုဂံရှေးဟောင်းအဆောက်အအုံများအပေါ် ထိခိုက်နိုင်မှု ရှိ/မရှိ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၉**

ညောင်ဦးလေဆိပ်တွင် လေယာဉ်ကြီးများ ဆင်းသက်မှုကြောင့် ဖြစ်ပေါ်လာသော တုန်ခါမှုက ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများအပေါ် ထိခိုက်နိုင်မှု ရှိ/မရှိ ညှိနှိုင်းဆွေးနွေးပွဲကို အမျိုးသားပြတိုက်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၁ နာရီတွင် ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများ၊ လေကြောင်းဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင် များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာပညာရှင်များအသင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် တက်ရောက်လာသူများက မိမိတို့သက်ဆိုင်ရာ ဘာသာရပ်အလိုက် လေယာဉ်ငယ်များနှင့် လေယာဉ်ကြီးများဆင်းသက်မှုကြောင့် ဖြစ်ပေါ်လာမည့် တုန်ခါမှုများ၊ ဆူညံသံများ အပါအဝင် ပေါ်ပေါက်မှုများသည် ပုဂံဒေသရှိ ရှေးဟောင်းအဆောက်အအုံများအပေါ် သက်ရောက်နိုင်သည့် အကျိုးဆက်များကို စနစ်တကျ တွက်ချက်မှုများနှင့်တကွ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

**(သတင်းစဉ်)**






# ဒေါ်လာ ၅၂၈ သန်းဖိုးရှိ စစ်လေယာဉ်များ ဖိလစ်ပိုင်ဝယ်ယူရန် သဘောတူညီ



ကိုရီးယားလေကြောင်း အာကာသလုပ်ငန်းက ထုတ်လုပ်သော အက်ဖ်အေ-၅၀ အမျိုးအစား ဂျက်တိုက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

မနီလာ မတ် ၂၉

**ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံနှင့် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေစဉ် ဒေါ်လာ ၅၂၈ သန်းတန်ဖိုးရှိသော စစ်လေယာဉ်များ ဝယ်ယူရန်အတွက် တောင်ကိုရီးယား၊ ကနေဒါတို့နှင့် သဘောတူစာချုပ်ကို သောကြာနေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။**

၎င်းတို့၏ လက်နက်အင်အား တိုးတက်ရေး အိပ်မက်သည် နှစ်ပေါင်း ၄၀ ကျော်ကြာ ဆိတ်သုဉ်းခဲ့ပြီးနောက် စစ်တပ်ခေတ်မီရေး အစီအစဉ်ကို နားလည်လာခဲ့သည်နှင့် အညီ လေတပ်၏ တိုးတက်မှု အလားအလာကို တွေ့ခဲ့ရပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဗိုလ်တိုင်ရီးဂါဇမင်က ပြောကြားသည်။

တောင်ကိုရီးယားအစိုးရ ကိုယ်စားလှယ်များနှင့် ဖိလစ်ပိုင် ကာကွယ်ရေးဌာနမှ တာဝန်ရှိသူများ သဘောတူခဲ့သော ကန်ထရိုက်စာချုပ်အရ သုံးနှစ်အတွင်း ပီဆို ၁၈ ဒသမ ၉ ဘီလီယံ (ဒေါ်လာ ၄၂၀ ဒသမ ၁၂သန်း) တန်ဖိုးရှိသော အက်ဖ်အေ-၅၀ ဂျက်လေယာဉ် ၁၂ စင်းကို ကိုရီးယားလေကြောင်းအာကာသလုပ်ငန်းက ထုတ်လုပ်ပေးရမည်ဖြစ်သည်။

ယင်းအပြင် ကနေဒီယန်ကော်မာရှယ်ကုမ္ပဏီနှင့်လည်း ပီဆို ၄ ဒသမ ၈ဘီလီယံတန်ဖိုးရှိသည့် ကန်ထရိုက်စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ရာ ဖိလစ်ပိုင်စစ်တပ်အတွက် ကနေဒါက "ဘဲလ်" ရဟတ်ယာဉ်ရှစ်စင်း ထုတ်လုပ်ပေးရမည်ဖြစ်သည်။

အဆိုပါစာချုပ်နှစ်ခုသည် ဖိလစ်ပိုင်နိုင်ငံက ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့များ ခေတ်မီစေရေးအတွက် ပီဆို ၇၅ ဘီလီယံအကုန်အကျခံ၍ ကြိုးစားအားထုတ်ခြင်း၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

ယင်းကဲ့သို့ ဝယ်ယူလိုက်သော စစ်လက်နက်များမှာ အိမ်နီးချင်း တရုတ်နိုင်ငံ၏ စစ်လက်နက်အင်အားနှင့် နှိုင်းယှဉ်လျှင် အသေးအဖွဲသာဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံနှင့် များစွာနီးကပ်သော ကျွန်းငယ်များနှင့် ရေပြင်များ အပါအဝင် ပင်လယ်ပြင်ဧရိယာအများစုကို တရုတ်နိုင်ငံက ပိုင်ဆိုင်ကြောင်း ကြေညာထားသည်။ **အေအက်ဖ်ပီ။**

# ကုလသမဂ္ဂတွင် ယူကရိန်းအရေး မဲမပေးမီ ရုရှားက ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့သည်ဟုဆို

ကုလသမဂ္ဂ မတ် ၂၉

**ယူကရိန်းနိုင်ငံမှ ခွဲထွက်ရေးအတွက် ကျင်းပသော ခရိုင်းမီးယား၏ လူထုဆန္ဒခံယူပွဲသည် တရားမဝင်ကြောင်း ကုလသမဂ္ဂအထွေထွေညီလာခံက ဆုံးဖြတ်ချက်ချခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်ကို အရှေ့ဥရောပနှင့် အာရှအလယ်ပိုင်းနိုင်ငံတို့အနေဖြင့် ထောက်ခံမဲပေးခဲ့လျှင် ၎င်းနိုင်ငံတို့ကို လက်တုံ့ပြန်မည်ဟု ရုရှားနိုင်ငံက ခြိမ်းခြောက်ခဲ့ကြောင်း ကုလသမဂ္ဂ သံတမန်က ပြောကြားသည်ဟု စနေနေ့တွင် ရိုက်တာက ဖော်ပြသည်။**

ယူကရိန်းပြဿနာအပေါ် မိမိ၏ ဆန္ဒနှင့်အညီ လိုက်နာခွင့်ရှိသော ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံက ပါဝင်ထောက်ခံရေးအတွက် အတင်းအကြပ်ကြိုးစားရာတွင် နိုင်ငံရေးပြန်ပေးဆွဲမှု၊ စီးပွားရေးခြိမ်းခြောက်မှုတို့ဖြင့် အရှက်မဲ့သောဖိအားပေးခြင်းများကို အနောက်နိုင်ငံများက အသုံးပြုခဲ့ကြောင်း ရုရှားအစိုးရက စွပ်စွဲပြီးသည့်နောက် ရုရှား၏ခြိမ်းခြောက်မှုသတင်းများ ထုတ်ဖော်လာခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂသံတမန်များကိုတွေ့ဆုံမေးမြန်းချက်အရ ရုရှားနိုင်ငံက ခြိမ်းခြောက်သော နိုင်ငံများတွင် မော်လ်ဒိုဗာ၊ ကာဂျစ္စတန်၊ တာဂျီကစ္စတန်နှင့် အာဖရိကနိုင်ငံ အတော်များများပါဝင်သည်။

မော်စကိုက မည်သည့်နိုင်ငံကိုမျှ ယင်းကဲ့သို့ ခြိမ်းခြောက်မှုမပြုလုပ်ခဲ့ကြောင်း၊ အခြေအနေအရပ်ရပ်ကိုသာ ရှင်းပြခြင်းဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

သံတမန်တို့အဆိုအရ ရုရှားနိုင်ငံ၏ ခြိမ်းခြောက်မှုမှာ တိတိကျကျမရှိပေ။ သို့သော် ရုရှားနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများကို နှင်ထုတ်ခြင်း၊ သဘာဝဓာတ်ငွေ့များ ထောက်ပံ့ခြင်းကို ရပ်ဆိုင်းခြင်းနှင့် ရုရှားနိုင်ငံအတွင်းသို့ ကုန်ပစ္စည်းများ တင်ပို့မှု ပိတ်ပင်ခြင်း စသည်တို့ပါဝင်သော လက်တုံ့ပြန်သည့် နည်းလမ်းများ ရင်ဆိုင်ရမည်ဟု ခြိမ်းခြောက်ခံရသော နိုင်ငံများကို သတိပေးခဲ့ခြင်းမှာ ထင်ရှားပါသည်ဟု ၎င်းသံတမန်တို့ကပင် ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ယူကရိန်းနိုင်ငံမှ ခွဲထွက်ရန်ဆုံးဖြတ်သော မတ် ၁၆ရက် ခရိုင်းမီးယား လူထုဆန္ဒခံယူပွဲသည် တရားမဝင်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံက ထောက်ခံမဲ ၁၀၀၊ ကန့်ကွက်မဲ ၁၁မဲ၊ ကြားနေ ၅၈ မဲ၊ မဲမပေးသော အဖွဲ့ဝင် ၂၄နိုင်ငံတို့ဖြင့် အတည်ပြုခဲ့သည်။ **ရိုက်တာ။**



မတ် ၂၆ရက်က ခရိုင်းမီးယားဒေသမှ ရုပ်သိမ်းထွက်ခွာလာသော ယူကရိန်းစစ်ယာဉ်တန်းကို တွေ့ရစဉ်။

## နေတိုးအဖွဲ့ အထွေထွေအတွင်းရေးမှူးအဖြစ် နော်ဝေဝန်ကြီးချုပ်ဟောင်းကိုခန့်အပ်

**လန်ဒန် မတ် ၂၉**

မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)၏ အထွေထွေအတွင်းရေးမှူးသစ်အဖြစ် ဒိန်းမတ်နိုင်ငံသား အန်ဒါ(စ်)ဖောချ်ရာမူဆင်၏နေရာတွင် နော်ဝေဝန်ကြီးချုပ်ဟောင်း ဂျင်း(စ်)စတိုးလ်တင်းဘာဂ်ကိုခန့်အပ်လိုက်ပြီဖြစ်ကြောင်း စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဝေးလ်၌ နေတိုးထိပ်သီးအစည်းအဝေး ကျင်းပပြီးစီးသောအခါ မစ္စတာရာမူဆင်က ရာထူးမှနုတ်ထွက်ပေးပြီးနောက် အောက်တိုဘာလတွင် ၂၈နိုင်ငံ စစ်မဟာမိတ်အဖွဲ့အစည်းခေါင်းဆောင်တာဝန်ကို လွှဲပြောင်းလက်ခံရယူမည်ဖြစ်သည်။

မစ္စတာရာမူဆင်က နေတိုးကို ငါးနှစ် တိုင်တိုင်ဦးဆောင်မှုပေးခဲ့ပြီးဖြစ်သည်။

စတိုးလ်တင်းဘာဂ်သည် ဝန်ကြီးချုပ်အဖြစ် ၂၀၀၀-၂၀၀၁ခုနှစ်တွင် ၁၈ လကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၅မှ ၂၀၁၃ခုနှစ်အထိ နောက်ထပ်တစ်ဖန်

# ပျောက်ဆုံးလေယာဉ်မှ အသက်ရှင်ဖွယ်ရှိသူများကို ဆက်လက်ရှာဖွေမည်ဟု မလေးရှားဝန်ကြီးကတိပြု

**ကွာလာလမ်ပူ မတ် ၂၉**

ပျောက်ဆုံးနေသောခရီးသည်တင် လေယာဉ်မှ အသက်ရှင်သန်နိုင်ဖွယ်ရှိသူများအား ဆက်လက်ရှာဖွေသွားမည်ဟု မလေးရှား ခေတ္တသယ်ယူပို့ဆောင်ရေးဝန်ကြီးက မတ် ၂၉ ရက်တွင် ကတိပြုလိုက်သည်။

ရက်သတ္တ သုံးပတ်ကြာမျှ ပျောက်ဆုံးနေသော လေယာဉ်နှင့်ပတ်သက်၍ မိမိတို့မျှော်လင့်ချက် ကုန်ဆုံးခြင်းမရှိကြောင်း၊ အသက်ရှင်သန်လွတ်မြောက်သူများကို တွေ့လို တွေ့ငြား ဆက်လက်ရှာဖွေသွားမည်ဖြစ်ကြောင်း ခေတ္တသယ်ယူပို့ဆောင်ရေးဝန်ကြီး ဟစ်ရှားမူဒင်ဟူစိန်က သတင်းထောက်များအား ပြောကြားသည်။

မလေးရှားလေကြောင်းဌာနမှ ခရီးစဉ်အမှတ် အမ်အိပ်ချ်-၃၇၀ ပျံသန်းလာသော ခရီးသည်တင်လေယာဉ်သည် မတ် ၈ ရက်က မြို့တော်ကွာလာလမ်ပူမှ တရုတ်နိုင်ငံ မြို့တော်ပေကျင်းသို့ မောင်းနှင်နေချိန်အတွင်း ပျောက်ဆုံးသွားခဲ့သည်။

ခရီးသည်နှင့် လေယာဉ်ဝန်ထမ်း ၂၃၉ ဦးလိုက်ပါလာခဲ့သော ယင်းလေယာဉ်သည် အိန္ဒိယသမုဒ္ဒရာတောင်ပိုင်း၌ ပျက်ကျဖွယ်ရှိသည်ဟု ဂြိုဟ်တုဓာတ်ပုံများအရ သိရှိရကြောင်း မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ပြောကြားခဲ့သည်။

ထိုစဉ်အတွင်း ဩစတြေးလျနိုင်ငံ ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်၌ ရှာဖွေနေသောလေယာဉ်များသည် လေယာဉ်အပျက်အစီးအပိုင်းအစများအဖြစ် ယူဆရသော အရာဝတ္ထုအချို့ကို ရှာဖွေတွေ့ရှိခဲ့ရကြောင်း ဩစတြေးလျပင်လယ်ရေကြောင်း လုံခြုံရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

မတ် ၂၈ ရက်က ရှာဖွေစဉ်အတွင်း လေယာဉ်ငါးစင်းက လေယာဉ်အပျက်အစီးအပိုင်းအစများအဖြစ် ယူဆရသောအရာဝတ္ထုများကိုတွေ့ရှိခဲ့ပြီး ဓာတ်ပုံမှတ်တမ်းများရယူခဲ့ကြကြောင်း၊ ကျွမ်းကျင်သူပညာရှင်များက ယင်းဓာတ်ပုံမှတ်တမ်းများကို သုံးသပ်လေ့လာလျက်ရှိကြောင်း အဆိုပါအာဏာပိုင်အဖွဲ့က ပြောကြားသည်။

တရုတ်ပင်လယ်ရေကြောင်းအာဏာပိုင်အဖွဲ့မှ ဟိုင်ဇွန်-၀၁ အမည်ရှိ ကင်းလှည့်ရေယာဉ်က ယင်းအရာဝတ္ထုများကို ဆယ်ယူရရှိရန် ကြိုးပမ်းလျက်ရှိသည်။ **ရိုက်တာ။**



ပျောက်ဆုံးနေသောလေယာဉ်ကို ဩစတြေးလျ လေတပ်မှ စစ်လေယာဉ်တစ်စင်း ရှာဖွေစဉ်။

ပြည်တွင်းရေးရာ

# ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေး



**စစ်တွေ မတ် ၂၉**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် စစ်တွေဟိုတယ်ခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် ဗဟိုကော်မတီ အတွင်းရေးမှူး နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက လတ်တလော ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အခြေအနေ၊ ဗဟိုကော်မတီနှင့် ပြည်နယ်အစိုးရအဖွဲ့က နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် စီမံဆောင်ရွက်ထားမှုနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ လတ်တလောလိုအပ်ချက် အခြေအနေအပေါ် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေ၊ ရခိုင်ပြည်နယ်၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၏ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတော်က ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေ၊ ကုလသမဂ္ဂအဖွဲ့အစည်းများက နောင်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး နှစ်ဖက်လူ့အဖွဲ့အစည်းအကြား တန်းတူညီမျှသော လုပ်ဆောင်ချက်များဖြင့် ဒေသခံပြည်သူလူထု၏ လိုအင်ဆန္ဒကို သဘောထားရယူ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်မှုနှင့် သက်ဆိုင်ရာအစိုးရအဖွဲ့၊ ပြည်သူတို့နှင့် ပွင့်လင်းမြင်သာမှုရှိစွာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ လုပ်ငန်းဆောင်ရွက်ရာတွင် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက လတ်တလောဖြစ်ပေါ်မှု အခြေအနေအပေါ် ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်နေမှုနှင့် နောက်ထပ်ဖျက်ဆီးမှုများ မဖြစ်ပေါ်ရေးအတွက် လုံခြုံရေးကို စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြော ကြားပြီး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဒုတိယဝန်ကြီးများသည် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နယ်မြေတည်ငြိမ်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများ၊ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်နေမှုများ၊ လုံခြုံရေးအတွက် စုဖွဲ့ထားရှိမှုနှင့် သတင်းလက်ဦးမှု ရရှိရေးအတွက် စီမံဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

**(ပြည်နယ် မြန်/ဆက်)**




# ၂၀၁၄ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲများ ကျင်းပနေမှု ဒုတိယဝန်ကြီး ဦးစိုးဝင်း သွားရောက်ကြည့်ရှုကြည်ညို

**နေပြည်တော် မတ် ၂၉**

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၄ခုနှစ် ဓမ္မာစရိယ စာမေးပွဲကို ယမန်နေ့ကစတင်ကျင်းပရာ ဓမ္မာစရိယစာဖြေသံဃာတော်များနှင့် သီလရှင်များမှာ မြန်မာနိုင်ငံတစ်ဝန်း၌ စာဖြေဌာန ၅၀ ဖြင့် ကျင်းပမည်ဖြစ်ပြီး ဖြေဆိုရမည့် ဘာသာရပ်များမှာ ပါရာဇိကဏ္ဍပါဠိအဋ္ဌကထာ၊ သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ၊ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ၊ မြန်မာဂုဏ်ထူးနှင့်ပါဠိဂုဏ်ထူးတို့ဖြစ်သည်။ စာရင်းသွင်း ၂၁၂၆၄ ပါး အနက် ၁၆၁၀၂ပါး ဖြေဆိုကြသဖြင့် ၇၅ ဒသမ ၇၂ ရာခိုင်နှုန်းဖြေဆိုကြသည်။

သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းသည် မတ် ၂၈ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီးရမည်းသင်းမြို့ သာသနာ့ဗိမာန်တော်ကြီးသို့ ရောက်ရှိပြီး ၂၀၁၄ခုနှစ် ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးဆရာတော်များနှင့် စာမေးပွဲဖြေဆိုနေကြသည့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးဆရာတော်ကြီးများအတွက် နဝကမ္မအလှူတော်ငွေများနှင့် သာသနာ့ဗိမာန်တော်ကြီးတွင် အသုံးပြုရန် Water Cooler တစ်လုံးလှူဒါန်းသည်။

ဆက်လက်၍ ညနေ ၃ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီးသို့ ရောက်ရှိပြီး ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်ရေးဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်တို့အား ဖူးမြော်ကြည်ညိုကြပြီး နဝကမ္မအလှူတော်ငွေများလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာနက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့် E ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set Top Box များ အခမဲ့ပေးအပ်

**ပဲခူး မတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့် (E) ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set Top Box များ အခမဲ့ပေးအပ်ခြင်း အခမ်းအနားကို မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်းနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ NGO အဖွဲ့အစည်းများ၊ ပြည်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ယခုကဲ့သို့ DVB-T2 Set Top Box များ အခမဲ့ပေးအပ်ခြင်းမှာ နိုင်ငံတော်သမ္မတကြီး၏ ပြည်သူဗဟိုပြုလုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းဖြစ်သကဲ့သို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကိုလည်း အထောက်အကူပြုစေပါကြောင်း၊ ယခုကဲ့သို့ Digital စနစ်သို့ပြောင်းလဲခြင်းကြောင့် ရုပ်သံလိုင်း ၁၅ လိုင်းမှ ၁၆ လိုင်းအထိ ကြည့်ရှု၍ရနိုင်မည်ဖြစ်ပါကြောင်း၊ International Telecommunicational Union(ITU) ၏ သတ်မှတ်ချက်နှင့်အာဆီယံလူမှုအသိုက်အဝန်းများ၏ သဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်ခြင်းဖြစ်၍ နိုင်ငံ့ဂုဏ်သိက္ခာကိုလည်း မြင့်တက်စေပါကြောင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးပိုက်ထွေးက တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးရဲမြင့်ထွန်းထံ DVB-T2 Set Top Box ၂၅၆၂၀ ကို လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးကလည်း ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်း လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့် (E)ရှိသော အိမ်ထောင်စုများသို့ ဆက်လက်ဖြန့်ဝေပေးသွားရန်အတွက် DVB-T2 Set Top Box များကို ပဲခူးခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းမြင့်ထံ ဆက်လက်ပေးအပ်ခဲ့သည်။

ယင်းနောက် ပဲခူးမြို့ ဟံသာဝတီရပ်ကွက်နေ ရပ်မိရပ်ဖဦးစောဝင်းက "ယခင်က Analogue စနစ်ဖြင့် ရုပ်သံလိုင်း တစ်လိုင်းသာ ကြည့်ရှုနေရခြင်းမှ ယခုအခါ Digital စနစ်ဖြင့် တီဗွီဖန်သားပြင်တွင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍစုံအပြင် တိုင်းရင်းသားမျိုးစုံ၏ ဓလေ့ထုံးစံများ၊ တောင်သူလယ်သမားများအတွက် အကျိုးရှိစေမည့် ကဏ္ဍများပါဝင်သည့် ရုပ်သံလိုင်းများစွာကို ကြည်လင်ပြတ်သားစွာ ကြည့်ရှုနိုင်တော့မည်ဖြစ်သောကြောင့် နိုင်ငံတော်အစိုးရနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့အား ကျေးဇူးတင်ရှိပါကြောင်း" ပြောကြားခဲ့သည်။

ယနေ့ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့် (E)ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set Top Box အလုံးရေ ၂၅၆၂၀ ကို အခမဲ့ပေးအပ်ခဲ့ပြီး ယခင်အခမဲ့ဖြန့်ဝေပြီး Set Top Box အလုံးရေ ၁၂၂၆၇ လုံးဖြစ်၍ စုစုပေါင်း ၃၇၈၈၇ လုံး အခမဲ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ကျန်ရှိသောတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ DVB-T2 Set Top Box များ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Set Top Box များ တပ်ဆင်အသုံးပြုခြင်းဖြင့် MRTV အပြင် MI, MRTV-4, 5 Plus Channel, လွှတ်တော်ရုပ်သံလိုင်း၊ တောင်သူလယ်သမားရုပ်သံလိုင်း၊ တိုင်းရင်းသားရုပ်သံလိုင်းနှင့် မြဝတီရုပ်သံလိုင်းများကို အခမဲ့ဖမ်းယူ ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် FM ရေဒီယိုလိုင်းများလည်း ဖမ်းယူရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် လျှပ်စစ်မီးမရရှိသောဒေသများတွင် DC စနစ် (ဘတ္ထရီ) ဖြင့်လည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

**(တိုင်းဒေသကြီး မြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဇမ္ဗူပြေပါတစ်ခွင်မှာ အလှူတော်မင်္ဂလာဖြင့် ကုသိုလ်ရှင်စွာဆင်နွှဲကြပါစို့

**စန်းနီလာဝင်း**

မြတ်ဗုဒ္ဓ၏ (၃၈)ဖြာ မင်္ဂလာတရားတော်၌ ဒါနဥ္စ ဟူသောမင်္ဂလာတရားတစ်ပါးပါဝင်သည်။ ဒါနဥ္စဟူသော မင်္ဂလာတရား၏ အဓိပ္ပာယ်မှာ မိမိရှာဖွေရရှိသော ပစ္စည်းဥစ္စာများထဲမှ အလှူဒါနကိုတတ်နိုင်သမျှပြုလုပ်ရမည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။ အလှူဒါနပြုလုပ်ခြင်း၊ အများကောင်းကျိုးသယ်ပိုးရွက်ဆောင်ခြင်းကို ဒဿနိကဗေဒခေါ် အတွေးအခေါ်ပညာရပ်နယ်ပယ်တွင် "ပရဟိတဝါဒ"(Altruism)ဟု ဖွင့်ဆိုပြထားသည်ကို တွေ့ရသည်။

ဒါန-လှူဒါန်းခြင်း၊ ပရိစ္စယာ-စွန့်ကြဲခြင်း၊ အများကောင်းကျိုးသယ်ပိုးရွက်ဆောင်ခြင်းဟူသော ကုသလကမ္မပထလုပ်ငန်းများ၏ ဒိဋ္ဌဓမ္မဝေဒနိယကံဟုခေါ်ဆိုသော လက်တွေ့အကျိုးကျေးဇူးခံစားရပုံများကို ယနေ့ခေတ်မီဆေးသိပ္ပံပညာက သက်သေပြနေသည်ကို သာဓကဆောင်၍ တင်ပြလိုပါသည်။ ကုသိုလ်ကောင်းမှုပြုနေကြသူများ၊ အများကောင်းကျိုး သယ်ပိုးဆောင်ရွက်သူများသည် အတ္တသက်သက်ဖြင့် ကိုယ်ကျိုးစီးပွားသက်သက်ကိုသာ ဇောက်ချလုပ်ကိုင်နေကြသူများထက် ကိုယ်ခံစွမ်းအားပိုမိုထက်မြက်နေပြီး သက်ရှည်ကျန်းမာလျက်ရှိကြောင်း ဆေးသိပ္ပံပညာက လက်တွေ့ကျကျ စမ်းသပ်ပြပါသည်။

အမေရိကန်ပြည်ထောင်စု မီရှီဂန်တက္ကသိုလ်မှ ရောဂါဗေဒပညာရှင် ဂျိမ်းဟောက်စ်၊ ယေးလ်တက္ကသိုလ်မှ ရောဂါဗေဒပညာရှင် လီဘာဘက်ကမင်၊ ကာလီဖိုးနီးယား တက္ကသိုလ်မှ ရောဂါဗေဒပညာရှင် လီဟိုနပ်ဆိုင်းတို့၏ အမေရိကန် ပြည်သူ ၇၀၀၀ ထဲမှ သာရေးနာရေး၊ ရပ်ရေးရွာရေး စသည့် အများပရဟိတအကျိုး သယ်ပိုးဆောင်ရွက်နေကြသူများ၊ ကုသိုလ်ပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသူများကို ရွေးထုတ်ပြီး ဆေးစစ်ကြည့်ခဲ့ရာ ထိုပုဂ္ဂိုလ်များမှာ စိတ်သောက ဖိစီးမှုဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိကြပြီး ခန္ဓာကိုယ်တွင်း၌ "ရောဂါပြီးစနစ်" (Immune System) ကို အလိုအလျောက်ရရှိနေကြောင်း အံ့သြဖွယ်စမ်းသပ်တွေ့ရှိရသည်။ သို့ရာတွင် မိမိ၏အတ္တ ကိုယ်ကျိုးသက်သက်ကိုသာ ရှေ့တန်းတင်နေကြသူများ၊ အများအကျိုးကို သယ်ပိုးဆောင်ရွက်ရန် လက်တွန့်နေကြသူများ၊ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ပြုရန် ဝန်လေးနေကြသူများသည် ပရဟိတဒါနရှင်များထက် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါများခံစားနေကြရပြီး အသက်တိုသည်ကို လက်တွေ့စမ်းသပ်တွေ့ရှိကြရပြီဖြစ်သည်။

အကြောင်းမှာ ခန္ဓာဗေဒအရ သိပ္ပံနည်းကျကျ လေ့လာကြည့်သည့်အခါ ပရဟိတလုပ်ငန်းများ ဆောင်ရွက်မှုများ၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ပြုမှုများသည် ခန္ဓာကိုယ်၏ရောဂါပြီးစနစ်ကို အထောက်အကူပြုပြီး ကိုယ်ခံစွမ်းအားမြင့်မားလာပုံမှာ လူ၊ စိတ်အခြေအနေနှင့် လူ၏ရောဂါကိုယ်ခံအားစနစ်တို့သည် နီးစပ်စွာဆက်သွယ်မှုရှိနေခြင်းကြောင့်ပင်ဖြစ်သည်။ လူ့ကျောရိုးမှ ဆင်းသက်သော စိတ်အာရုံခံနှာဗ်ကြောလမ်းကြောင်းကြီးသည် ရိုးတွင်းခြင်ဆီ၊ သရက်ရွက်တို့နှင့် ဆက်စပ်နေကြသည်။ ရိုးတွင်းခြင်ဆီနှင့် သရက်ရွက်တို့သည် ရောဂါကူးစက်မှုကို တိုက်ဖျက်ပေးနိုင်သော ကိုယ်တွင်းဆဲလ် (Cells) များကို ထုတ်လုပ်ပေးသည့်နေရာများဖြစ်သည်။ သွေးထဲမှ သွေးဖြူဥဆဲလ်များသည်လည်း ဦးနှောက်မှ ထွက်သည့်ဓာတ်တစ်မျိုးဖြစ်သည့် နူရိုနပ်ပက်တိုက်ခေါ် ဓာတ်များနှင့် အလွန်သင့်မြတ်စွာ အဆက်အစပ် ရှိနေခြင်းကို သုတေသီများက ထပ်မံတွေ့ရှိလာကြသည်။

လူတို့၏ စိတ်အခြေနှင့် စိတ်သောက ဖိစီးမှုသဘာဝကိုလေ့လာသုတေသနပြုခဲ့သည့် ပါမောက္ခဆရာဝန်ကြီး ဒေါက်တာ ကန့်ဆယ်လိက "အများကောင်းကျိုးကို ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးတရားနှင့်ချစ်ခင်ကြင်နာမှုကို ပွားများစေနိုင်သည်။ ထိုသို့ပြုလုပ်ရသဖြင့် မိမိတွင် စိတ်သောက ဖိစီးမှုရှိပါကလည်း တစ်နည်းတစ်လမ်းသက်သာစေသည်။ ထိုသို့သော ကြည်နူးချမ်းမြေ့မှုစိတ်ဓာတ်ကို လူ့ခန္ဓာကိုယ်တွင်း၌ ဖန်တီးနိုင်ဖွယ်ရှိသည့်အရာမှာ အင်ဒိုဖင်းဟုခေါ်သော ကိုယ်တွင်းဓာတ်များဖြစ်ကြသည်။ ထိုအင်ဒိုဖင်းဓာတ်တို့သည် လူ၏ ဦးနှောက်အတွင်း၌ရှိနေသော သဘာဝဖြေသိမ့်ဆေးများဖြစ်ကြသည်"ဟု ရှင်းလင်းဖော်ထုတ်တင်ပြခဲ့သည်။

> **ကုသိုလ်ကောင်းမှုပြုနေကြသူများ၊ အများကောင်းကျိုးသယ်ပိုးဆောင်ရွက်သူများသည် အတ္တသက်သက်ဖြင့် ကိုယ်ကျိုးစီးပွားသက်သက်ကိုသာ ဇောက်ချလုပ်ကိုင်နေကြသူများထက် ကိုယ်ခံစွမ်းအားပိုမိုထက်မြက်နေပြီး သက်ရှည်ကျန်းမာ။**

ပရဟိတအကျိုးဆောင်လုပ်ငန်း၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်လုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျမလုပ်ကိုင်နေသေးသည်ကိုထားပါဦး။ သူတစ်ပါးလုပ်ကိုင်နေသည်ကို အားကျခံစားရုံမျှနှင့်ပင် လက်တွေ့ဒိဋ္ဌဓမ္မကောင်းကျိုးခံစားရသည်ကို စိတ်ပညာ (Psychology)နှင့် ချဉ်းကပ်တင်ပြခဲ့ပုံကို ဖော်ပြလိုပါသည်။ အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်မှ စိတ်ပညာရှင် ဒေးဗစ်ကလယ်လင်က သူ၏တပည့်များအား နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ကမ္ဘာကျော် လူမှုဝန်ထမ်းအမျိုးသမီးကြီး "မာသာထရီဇာ" (mother Tresa)၏ ဘဝဇာတ်ကြောင်းနှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို မှတ်တမ်းတင်ထားသည့် ရုပ်ရှင်ဇာတ်ကားကို ခေါ်ယူပြသခဲ့သည်။

မာသာထရီဇာသည် သူနာပြုဆရာမကြီးဘဝဖြင့် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ပတ်ဝန်းကျင် ကွက်သစ်များ၌ ဖြစ်သလိုနေထိုင်ပြီး ဆင်းရဲနွမ်းပါးမကျန်းမာသူများကို လိုက်လံကူညီစောင့်ရှောက်ခဲ့သည်။ မာသာထရီဇာ၏ လူမှုဝန်ထမ်းသရုပ်ဖော် ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ တံတွေးကိုယူ၍ စစ်ဆေးကြည့်ရာ အဆုတ်တွင်ကျရောက်သော ရောဂါများကို ခုခံကာကွယ်နိုင်သည့် ပဋိဇီဝဓာတ်များ တိုးပွားနေသည်ကို ထူးခြားစွာတွေ့ရှိခဲ့ရသည်။ ထိုပဋိဇီဝဓာတ်များမှာ ခန္ဓာကိုယ်တွင်းသွေးထဲမှပေါ်ပေါက်လာသော ရောဂါတိုက်ဖျက်ရေး ဓာတ်ပစ္စည်းများဖြစ်ကြသည်။ ထိုဓာတ်ပစ္စည်းကို အင်မြူနိုဂလိုဗျူကင်အေဟု ခေါ်ဝေါ်သုံးနှုန်းလျက်ရှိကြသည်။

လှူဒါန်းလိုသော စေတနာကိုလည်းကောင်း၊ လှူဒါန်းအပ်သောဝတ္ထုပစ္စည်းကိုလည်းကောင်း ဒါနဟုခေါ်သည်။ မျက်စိ၊ နား၊ နှာခေါင်း၊ သွား၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေငါးပါးဖြင့် ရှေ့ရှုနိုင်သောဒါနကို ပစ္စက္ခဒါနဟုခေါ်သည်။ ပေးအပ်သောအရာဟူသမျှ သို့မဟုတ် ပေးခြင်းဟူသမျှသည် ဒါနချည်းပင်ဖြစ်သည်။ ဤပေးခြင်းဒါနသည် (၁)ကောင်းမှု၏အရာဖြစ်သောပေးခြင်း (ပုညဝိသယဒါန)၊ (၂) ကောင်းမှုအရာမဟုတ်ဘဲ လောက၌ ပြုကျင့်ကြမြဲ ဝတ္တရားအတိုင်းပေးခြင်းအမျိုးမျိုး(လောကဝိသယဒါန)ဟူ၍ နှစ်မျိုးသတ်မှတ်ထားသည်။

ဒါနဝတ္ထုအဖြစ် ထင်ရှားသော ပစ္စည်းများမှာ (၁) အန္န-ထမင်း၊ ဆွမ်းစသော စားဖွယ်၊ (၂) ပါန-ဖျော်ရည်၊(၃) ဝတ္ထ-သင်္ကန်း၊ အဝတ်အထည်၊(၄) ယာန-ထီး၊ ဖိနပ်၊ (၅) မာလာ-ပန်း၊ (၆)ဂန္ဓ-နံ့သာမှုန့်၊(၇) တလေပန-နံ့သာပျောင်း၊ (၈) သေယျ-အိပ်ရာနေရာ၊(၉)အာဝသထ-ဇရပ်တန်ဆောင်းကျောင်းသင်္ခမ်း၊(၁၀) ပဒီပေယျ-ဆီမီး၊ လျှပ်စစ်တို့ဖြစ်ကြသည်။

အလှူဒါန၏ အကျိုးတရားကြီးမားရန်အတွက် အလှူရှင်ဘက်၌ အင်္ဂါသုံးပါးနှင့် ပြည့်စုံရန်လို၏။ (၁) မလှူဒါန်းမီ ရှေ့အဖို့၌ကြိုတင်ဝမ်းမြောက်ခြင်း(ပုဗ္ဗစေတနာ)၊(၂)လှူဆဲအခိုက်၌ စိတ်စေတနာ ကြည်လင်ခြင်း (မုဉ္စစေတနာ)၊ (၃) လှူဒါန်းပြီးနောက်ဝမ်းမြောက်သောစိတ်ရှိခြင်း(ပရစေတနာ)တို့ ဖြစ်ကြသည်။ အလားတူ အလှူခံဘက်၌လည်း အင်္ဂါသုံးပါးရှိအပ်၏။ (၁) ရာဂ(လောဘ)ကင်းပြီးသူ သို့မဟုတ် ရာဂကင်းရန် ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်း၊ (၂) ဒေါသကင်းပြီးသူ သို့မဟုတ် ဒေါသကင်းရန် ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်း၊(၃) မောဟကင်းပြီးသူ သို့မဟုတ် မောဟကင်းရန် ကျင့်ကြံအားထုတ်နေသူဖြစ်ခြင်းတို့ဖြစ်ကြသည်။

အထက်ပါအင်္ဂါ (၆)ပါးနှင့် ပြည့်စုံသော အလှူဒါန၏ အကျိုးတရားသည် မည်ရွေ့မည်မျှဟူ၍ မသတ်မှတ်နိုင်အောင် အလွန်ကြီးမားလှကြောင်းကို အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်က "ရဟန်းတို့ သမုဒ္ဒရာရေသည် ကွမ်းစားမည်မျှရှိသည်ဟူ၍ ခြင်တွယ်ခြင်းငှာ မစွမ်းဆောင်နိုင်။ စင်စစ်သော်ကား မရေတွက်နိုင်၊ မနှိုင်းယှဉ်နိုင်သော ရေအစုကြီးဟူ၍ ပြောဆိုရသကဲ့သို့ ဤအလှူသာလျှင် ဤအင်္ဂါခြောက်ပါးနှင့်ပြည့်စုံသောအလှူ၌ ကောင်းမှုအထု၊ ကုသိုလ်ပမာဏသည် မည်မျှအတိုင်းအရှည်အထိ ကောင်းကျိုးချမ်းသာပေးမည်ကို မသတ်မှတ်နိုင်၊ စင်စစ်သော်ကား မရေတွက်နိုင်၊ မနှိုင်းယှဉ်နိုင်သော ကောင်းမှုကုသိုလ်ကြီးဟူ၍သာလျှင် ရေတွက်ခြင်းသို့ရောက်၏" ဟု ဟောကြားတော်မူခဲ့ကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်ဒါနသုတ်၌ လေ့လာတွေ့ရှိရသည်။

အလှူဒါနများအနက် ထူးခြားလှသည့် စတုဒိသာအလှူတော်မင်္ဂလာနှင့်စပ်လျဉ်း၍ ကိုယ်တိုင်ကြုံတွေ့ကုသိုလ်ပွားခဲ့ရသည့် အလှူပွဲကြီးတစ်ပွဲကို တင်ပြလိုပါသည်။ စတုဒိသာအလှူတော်မင်္ဂလာဟူသည်မှာ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဟူသော အရပ်လေးမျက်နှာမှ ရောက်ရှိလာကြသည့်သူများကို အယုတ်၊ အလတ်၊ အမြတ်မရွေး ကျွေးမွေးလှူဒါန်းသည့် အလှူဒါနဟု အဓိပ္ပာယ်ရရှိသည်။ စတုဒိသာဒါနသည် ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း အလှူဒါနကဲ့သို့သော ကာလဒါနမျိုးမဟုတ်၊ အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ ပုဂ္ဂိုလ်အယုတ်၊ အလတ်၊ အမြတ်မရွေးလှူဒါန်းနိုင်သည့် "အကာလဒါန"မျိုးဖြစ်သည်။ ဂေါတမမြတ်စွာဘုရားလောင်းလျာ ဒါနပါရမီရှင်ဝေဿန္တရာမင်းကြီးနေ့စဉ်နိစ္စဒူဝလှူဒါန်းခဲ့သော စတုဒိသာအလှူတော်မင်္ဂလာကြီးပင်ဖြစ်သည်။

နေရာကား ရွှေဟောင်းပုဂံယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီရင်ပြင်အနီးတွင်ဖြစ်၏။ သစ္စာအဓိဋ္ဌာန်ဖြင့် ကျေးဇူးတော်ရှင်သံလျင်နတ်စင်တစ်ရာ ဆရာတော်ကြီး ဦးဆောင်လှူဒါန်းကျွေးမွေးခဲ့သော (၈၅)ကြိမ်မြောက်စတုဒိသာအလှူတော်မင်္ဂလာပွဲကြီးကား ကြက်ပျံမကျစည်ကားလွန်းလှသည်။ ကျေးဇူးတော်ရှင် သံလျင်နတ်စင်တစ်ရာ ဆရာတော်အမှူးပြု၍ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း (မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယကအဖွဲ့ဝင်) နှင့်အဖွဲ့သူအဖွဲ့သားများ၊ ပါရမီကူညီဖြည့်ဆည်းကြသည့် ထာဝရအလှူရှင်များစုပေါင်း၍ လှူဒါန်းကြသည့် ထူးခြားလှသော (၈၅)ကြိမ်မြောက် စတုဒိသာအလှူတော်မင်္ဂလာပွဲကြီးဖြစ်သည်။

ရွှေစည်းခုံစေတီတော်ကြီးကိုအနေကဇာတင်ပြီး ဆီမီးတစ်ထောင်နှင့် ပန်းများဆက်ကပ်ကာ ဆရာတော်သံဃာတော်များကို ဆွမ်း၊ ချိုချဉ်၊ ခဲဖွယ်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဒေသခံများကလည်း ဝေယျာဝစ္စကုသိုလ်ပြုကြသည်။ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်အနုပညာရှင်များ၊ တေးသံရှင်များကလည်း တစ်တပ်တစ်အား ပါဝင်ကုသိုလ်ပြုကြသည်။ ပုဂံရှေးဟောင်း သုတေသနအနုပညာရှင်များကလည်း ရှေးဟောင်းပုဂံယဉ်ကျေးမှု၏ ပုံရိပ်များကို စတုဒိသာအလှူတော်မင်္ဂလာပွဲနှင့်ကြုံဆုံခိုက်တွင် အသေးစိတ်ရှင်းလင်းပြသည်မှာ မှတ်သားစရာပင်။ ယခု (၈၅)ကြိမ်တိုင်အောင် ထူးခြားစွာကြိုးပမ်းအားထုတ် လှူဒါန်းနိုင်ကြသည့် စတုဒိသာအလှူတော်မင်္ဂလာပွဲကြီးကို စာရေးသူအနေဖြင့် မကြုံစဖူးကြုံတွေ့ခဲ့ရာမှ ရင်တွင်းမှာ သဒ္ဓါစိတ်များအလိုလိုယိုဖိတ်လာခဲ့မိသည်။ ကျေးဇူးတော်ရှင်ပါရမီရှင် သံလျင်နတ်စင်တစ်ရာ ဆရာတော်ကြီး ကြီးမှူး၍ ဆက်လက်လှူဒါန်းမည့် (၁၀၈)ကြိမ်မြောက်စတုဒိသာအလှူပွဲကြီးအထိ အတတ်နိုင်ဆုံးပါဝင်ကုသိုလ်ပြုလှူဒါန်းရန် သန္နိဋ္ဌာန်ချလိုက်မိပါသည်။ စာရေးသူတို့လို ထေရဝါဒဗုဒ္ဓဘာသာဝင်များကို မဆိုထားနှင့်။ ဤစတုဒိသာအလှူပွဲကြီးသို့ ရောက်ရှိလာကြသည့် နိုင်ငံခြားသားခရီးသည်များကပင် အလှူထမင်း၊ အလှူဟင်းများကို မြိန်ရှက်စွာစားသုံးကြရင်း ထမင်းရည်ချောင်းစီး မောင်းတီးလှူဒါန်းသလို သဒ္ဓါထက်သန်လှသည့် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✪

# သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်








✻ ကျောဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနှင့် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦး၊ ဦးတင်စိုးနှင့် ဦးဇော်မင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ၊ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့မှ ခရိုင်နှင့်မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။** (သတင်းစဉ်)




# ပညာရေးမြှင့်တင်မှု လက်တွေ့လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေး

ရန်ကုန် မတ် ၂၉

**ပညာရေးကဏ္ဍမြှင့်တင်မှု လက်တွေ့လုပ်ငန်းစဉ်များအား ပီပြင်ထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ စိန်ရတုခန်းမဧကျင်းပရာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်နိုင်သိန်း၊ ဒေါက်တာကိုကိုဦး၊ ဒေါက်တာဒေါ်ခင်စန်းရီနှင့် လုပ်ငန်းအဖွဲ့များ တက်ရောက်ဆွေးနွေးကြသည်။**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လက်တွေ့လုပ်ငန်းစဉ် များစွာရှိနေပြီး နိုင်ငံတော်သမ္မတကြီးက ချက်ချင်းဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ကြရန် လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍအလိုက် အသေးစိတ်အစီအမံများကို စနစ်တကျရေးဆွဲအကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း၊ အစီအမံများရေးဆွဲ အကောင်အထည်ဖော်ရာမှာ ယနေ့ဒေသအသီးသီးရှိကျောင်း၊ တက္ကသိုလ်၊ ကောလိပ်အသီးသီး၏ လက်တွေ့ပကတိ လိုအပ်ချက်များ၊ မိဘ၊ ဆရာ၊ ကျောင်းသားများ၏ လိုအင်ဆန္ဒများ၊ ပြုပြင်ပေးစေလိုသည့် အချက်များကို အလေးထား၍ အရည်အသွေး မြင့်မားရေးအတွက် ဦးစားပေးပြီး အမှန်တကယ်ပြောင်းလဲတိုးတက်လာအောင် ကြိုးပမ်းကြစေလိုကြောင်း၊ ကျောင်းစီမံအုပ်ချုပ်မှုပိုင်းနှင့် ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်မှုသင်တန်းများကို ကျောင်းပိတ်ကာလအတွင်း ပြုလုပ်သွားရန်လိုကြောင်း၊ National Education Develpment Plan ကို ရေးဆွဲရာတွင် Myanmar Comprehensive Develpment Plan နှင့် လိုက်လျောညီထွေပြီး လက်တွေ့ကျကျ ရေတို၊ ရေရှည် အကောင်အထည်ဖော်နိုင်ရေး ဆွေးနွေးညှိနှိုင်း ပြုစုသွားကြရန် ပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီတို့က ပညာရေးကဏ္ဍမြှင့်တင်ရာတွင် အားလုံးအတွက် ပညာရေးဆောင်ပုဒ်နှင့်အညီ ပြည်သူအားလုံးအတွက် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု၊ ကျောင်းပြင်ပ ပညာရေး၊ သက်မွေးပညာရေး အပါအဝင် ကဏ္ဍအသီးသီးအတွက် လုပ်ငန်းကဏ္ဍများစွာကို အစိုးရဌာနအဖွဲ့အစည်း အသီးသီးအင်အားဖြင့် ဆောင်ရွက်မှုပုံစံမှ Stakeholder များအားလုံး၊ ပြည်သူအားလုံး ပူးပေါင်းပါဝင်မှ အောင်မြင်မည်ဖြစ်၍ အစီအမံများ အကောင်အထည်ဖော်ရာ၌ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်

## ပုဂ္ဂလိကပညာရေးကဏ္ဍမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၂၉**

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် ပုဂ္ဂလိကပညာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ပညာရေးမြှင့်တင်မှုတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှာလည်း အရေးကြီးသောကဏ္ဍမှ ပါဝင်လျက်ရှိရာ မကြာခင်ထွက်ပေါ်လာတော့မည့် အမျိုးသားပညာရေးဥပဒေနှင့် လိုက်လျောညီထွေမည့် ပုဂ္ဂလိကပညာရေးကဏ္ဍကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုပြင်ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်မည့် ပုဂ္ဂလိကပညာရေးကဏ္ဍ မြှင့်တင်ရေးအတွက် ဝိုင်းဝန်းညှိနှိုင်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကပညာရေးကဏ္ဍမှ ကိုယ်စားလှယ်များက အုပ်စုခွဲ၍ ဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ကာ ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ **ဥရောပဟဲဗီးဝိတ်မှ**

ပြိုင်ပွဲတစ်ရပ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပြီဖြစ်သည်။

ယခုပြိုင်ပွဲတွင် နိုင်ပွဲရရှိခဲ့သည့် လက်ဝှေ့သမားသည် ဒဗလျူဘီအိုချန်ပီယံကလစ်ချန်ကိုနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည့် အခွင့်အရေးလည်း ရရှိမည်ဖြစ်သည်။

ဒါရက်ချီဆိုရာသည် လက်ဝှေ့သမားဘဝတစ်လျှောက်တွင် စုစုပေါင်း ၂၄ ပွဲ ထိုးသတ်ကာ ပွဲ ၂၀ နိုင်ပွဲရရှိခဲ့ပြီး ၁၃ ပွဲမှာ အလဲထိုးနိုင်ပွဲရရှိခဲ့သည်။ ယင်းပွဲစဉ်များထဲတွင် လေးပွဲသာ ရှုံးပွဲကြုံခဲ့သည်။

တိုင်ဆန်ဖယ်ရီမှာမူ လက်ဝှေ့သမားဘဝတစ်လျှောက်တွင် ၂၂ ပွဲ ထိုးသတ်ကာ ရှုံးပွဲမရှိစံချိန်ဖြင့် ၂၂ ပွဲစလုံး နိုင်ပွဲရရှိထားပြီး ၁၆ ပွဲမှာ အလဲထိုးနိုင်ပွဲရရှိထားခဲ့သည့် လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ ထို့ကြောင့် ယင်းပွဲစဉ်မှ အနိုင်ရရှိကာ ကလစ်ချန်ကိုနှင့် ထိုးသတ်ခွင့် မည်သည့်လက်ဝှေ့သမားဖြစ်လာမည်လဲဆိုတာ စောင့်ကြည့်ရဦးမည် ဖြစ်သည်။



# ကမ္ဘာ့ကျောက်ကပ်ရောဂါနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ၂၀၁၄ ခုနှစ် နဝမအကြိမ်မြောက် ကမ္ဘာ့ကျောက်ကပ်ရောဂါနေ့ (World Kidney Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့်ဇနီး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်း ဆီးနှင့် ကျောက်ကပ်ပညာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျောက်ကပ်ရောဂါနေ့ (World Kidney Day) ကျင်းပရခြင်းနှင့်ပတ်သက်၍ ရန်ကုန်ခုတင်(၅၀၀)ဆံ့ဆေးရုံကြီး၊ ဆီးနှင့်ကျောက်ကပ်ဆေး အထူးကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်မောင်ဌေးက ရှင်းလင်းတင်ပြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသော ဆေးနှင့်ဆေးပစ္စည်းဆိုင်ရာပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❁ **ပန်းလှိုင်ရေထိန်းတံခါးမှ**

ယင်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပန်းလှိုင်ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းနှင့် မဲဇလီရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းများအား ညောင်တုန်းကျွန်းလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း အထောက်အကူပြုလုပ်ငန်းများအဖြစ် ထည့်သွင်း၍ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)နှင့် တည်ဆောက်ရေး(၁)တို့မှ တာဝန်ယူကာ (၁. ၁. ၁၉၉၄ မှ ၃၁. ၁၂. ၁၉၉၅ ထိ)ကာလအတွင်း ပန်းလှိုင်ရေထိန်းတံခါးအားလည်းကောင်း၊ (၁. ၁. ၁၉၉၇ မှ ၃၀. ၆. ၁၉၉၇ထိ)ကာလအတွင်း မဲဇလီရေထိန်းတံခါးအားလည်းကောင်း အပြီးတည်ဆောက်ပေးနိုင်ခဲ့သဖြင့် မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ရှိ ညောင်တုန်းကျွန်းအတွင်း မိုးရာသီရေလွှမ်းမိုးမှုမှ ကာကွယ်ပေးနိုင်ပြီး စပါးသီးနှံနှင့် အခြားသီးနှံများ ရေသွင်းစိုက်ပျိုးနိုင်ခြင်း၊ ကုန်စည်စီးဆင်းမှုနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ယခင်ထက် ချောမွေ့လာခြင်း၊ ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးမှုကို တိုးတက်လာစေခြင်း စသော အခန်းကဏ္ဍများကို သိသာစွာအထောက်အကူ ပြုပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

(၄)ပေ×(၄)ပေ ၂၅ ပေါက် သံကူကွန်ကရစ်အမျိုးအစားဖြစ်သော ပန်းလှိုင်ရေထိန်းတံခါး တည်ဆောက်ပေးခြင်းဖြင့် ညောင်တုန်းကျွန်းအတွင်း မိုးရာသီတွင် မြစ်ရေလွှမ်းမိုးမှုမှ သိသိသာသာ ကာကွယ်ပေးနိုင်ကာ ယခင်က စိုက်ပျိုးနိုင်ခြင်းမရှိခဲ့သော ရေနက်ကွင်းများအားလည်း လယ်ယာမြေများအဖြစ် စိုက်ပျိုးရန် ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ယင်းပန်းလှိုင်ရေထိန်းတံခါးအား ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စု မိုးမခကျေးရွာအနီးရှိ ပန်းလှိုင်မြစ်ပေါ်တွင် တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ရေတံခါးမြောင်းမကြီးအလျား နှစ်မိုင်နှင့် ရေသွယ်လက်ခွဲမြောင်း ၃၃ ခု၏ အလျား ၇၈ ဒသမ ၅၆ မိုင် ဆည်ရေသောက်စနစ်ဖြင့် တည်ဆောက်ပေးထားသဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးအောင်မြင်လျက်ရှိကြောင်း ဦးကျော်ဇေယျာတင့်(ဦးစီးအရာရှိ၊ မြို့ပြ)၏ ပြောကြားချက်အရသိရသည်။

အဆိုပါ ပန်းလှိုင်ရေထိန်းတံခါးသည် ညောင်တုန်းမြို့နယ်အတွင်းရှိ ဆားမလောက်ကျေးရွာအုပ်စုအပါအဝင် စုစုပေါင်း ကျေးရွာအုပ်စု ခြောက်စုနှင့် မအူပင်မြို့နယ်မှ မီးသွေးချောင်းကျေးရွာအုပ်စုအပါအဝင် ကျေးရွာအုပ်စုသုံးစုတို့မှ လယ်မြေ၊ ယာမြေနှင့် ငါးကန် စသော ဧရိယာများအား ဖော်ထုတ်ပေးခဲ့သဖြင့် နှစ်မြို့နယ်ပေါင်း ဧရိယာ ၂၅၄၀၅ ဧကအား စီမံကိန်းဧရိယာအဖြစ် အကျိုးပြုနိုင်ခဲ့သည်ကို စိစစ်တွေ့ရှိရပါသည်။

ဖော်ပြပါ ရည်ရွယ်ချက်၊ ရည်မှန်းချက်များနည်းတူ ညောင်တုန်းမြို့နယ် မဲဇလီဒလကျေးရွာအုပ်စု တောကြီးကျေးရွာအနီးတွင်လည်း မဲဇလီရေထိန်းတံခါးအား ဆည်ရေသောက်စနစ်ဖြင့် တည်ဆောက်ပေးထားသဖြင့် ပန်းလှိုင်ရေထိန်းတံခါးနှင့်မခြား ညောင်တုန်းကျွန်းအတွင်း မိုးရာသီ မြစ်ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးနိုင်ပြီး နွေရာသီတွင် နွေစပါးနှင့် အခြားသီးနှံများအတွက် အောင်ရေရရှိ၍ ဒေသသီးနှံဖွံ့ဖြိုးမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုတို့ကို အမှန်တကယ်အကျိုးပြု ထောက်ကူလျက်ရှိသည်။

အဆိုပါ မဲဇလီရေထိန်းတံခါးတွင် ရေတံခါးပေါက် (၄)ပေ×(၄)ပေ ၁၆ ပေါက်ပါရှိပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်ပါသည်။ မြောင်းမကြီးအလျား ၃ ဒသမ ၅ မိုင်နှင့် ရေသွယ်မြောင်း ၁၁ ခု အလျား ၃၆ ဒသမ ၅ မိုင်၊ စီမံကိန်းအကျိုးပြုဧရိယာ ဧက ၂၀၀၀၀၊ စိစစ်ပြီးဧရိယာ ဧက ၃၃၃၆၀၊ အမှန်ရေပေးဝေနိုင်သည့် နွေစပါးစိုက်ဧရိယာအနေဖြင့် ညောင်တုန်းမြို့နယ်တွင် ၉၂၂၇ ဧကနှင့် မအူပင်မြို့နယ်တွင် ၈၁၁၇ ဧက စုစုပေါင်းဧရိယာ ၁၇၃၄၄ ဧကဖြင့် ဒေသကို အကျိုးပြုလျက်ရှိသည်။

ညောင်တုန်းမြို့နယ်အတွင်းရှိ ရေကြီးကွင်း၊ ရေနက်ကွင်းဒေသများတွင် အမှန်တကယ်လိုအပ်သော ပန်းလှိုင်ရေထိန်းတံခါးနှင့် မဲဇလီရေထိန်းတံခါးများ တည်ဆောက်ပေးထားခြင်းဖြင့် ဒေသတွင်းစိုက်ပျိုးရေးနှင့် လယ်ယာ၊ သားငါး၊ ကုန်ထုတ်လုပ်မှုများ ယခင်ထက် များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ထိုကဲ့သို့ တိုးတက်လာသည်နှင့်အမျှ ဒေသနေပြည်သူများ၏ လူမှုစီးပွားနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိကာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ကောင်းမွန်လာပြီး သဘာဝပတ်ဝန်းကျင်များ စိမ်းလန်းစိုပြည်လာမှု စသော အကျိုးကျေးဇူးများကြောင့် ယင်းဒေသနေသူတို့၏ စားရေး၊ ဝတ်ရေး၊ နေရေးနှင့် လူမှုနယ်ပယ်အသီးသီးတို့တွင်ပါ ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း သိရသည်။

ပြည်တွင်းရေးရာ

# ပြည်သူလူထုအခြေပြု အာဟာရဖြည့်တင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အာဟာရပြည့်ဝမျှတစွာ ချက်ပြုတ်သရုပ်ပြခြင်းနှင့် အလှူငွေပေးအပ်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၉**

ပြည်သူလူထုအခြေပြု အာဟာရဖြည့်တင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ၊ အာဟာရပြည့်ဝမျှတစွာ ချက်ပြုတ်သရုပ်ပြခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီတွင် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဌ ဒေါ်အေးအေးစန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နေပြည်တော် ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအရာရှိ ဒေါက်တာ လှိုင်လှိုင်ဌေးက ပြည်သူလူထုအခြေပြု အာဟာရဖြည့်တင်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။ ယင်းနောက် ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဌဒေါ်သန်းသန်းအေးက မြို့နယ်အတွင်း CNC လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ထောက်ပံ့သည့်ထောက်ပံ့ငွေကျပ် ငါးသိန်းကို ပေးအပ်ရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဌ ဒေါ်သန်းသန်းအေးက လက်ခံသည်။ ထို့နောက်အလှူရှင်များက အလှူငွေများပေးအပ်ရာ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဌ ဒေါ်အေးအေးစန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ကျင်ခိုင်၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဌ ဒေါ်မြတ်မြတ်မိုး၊ နေပြည်တော် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဌဒေါ်အေးအေးစန်းနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ ပျဉ်းမနားမြို့ခုတင် (၂၀၀)ဆံ့ ဆေးရုံအုပ်ကြီးနှင့် သူနာပြုဆရာ ဆရာမများ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ခရိုင်များနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများမှ ဥက္ကဌများနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ကျင်ခိုင်နှင့် တာဝန်ရှိသူများကအာဟာရချို့တဲ့ကလေးငယ်များကို ကျွေးမွေးမည့်အစားအသောက်များ ပြသထားမှုကို ကြည့်ရှုကြပြီး အာဟာရများအချိုးမျှတစွာ ပါဝင်ရေးနှင့် သန့်ရှင်းမှုရှိစေရေးတို့ကိုမှာကြားခဲ့ပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးခြင်း၊ သားဖွားခန်း ရုံးဝင်းအတွင်းရှိ တိုင်းရင်းဆေးဥယျာဉ်အား ကြည့်ရှုပြီး ရွှေချီရပ်ကွက်အတွင်းရှိ အသင်းပိုင်မူလတန်းကြိုကျောင်းရှိ ကလေးငယ်များအား အာဟာရပြည့် အစားအစာများ ထောက်ပံ့လှူဒါန်းခဲ့ပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## NRC ရုပ်သံလိုင်းထုတ်လွှင့်မှု အချိန်ပြောင်းလဲထုတ်လွှင့်မည်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား NRC ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၃၁ ရက်အထိ နံနက် ၆ နာရီမှ စတင်၍ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်ဘာသာများကို မွန်းလွဲ ၂ နာရီခွဲအထိ ပထမအကြိမ်အဖြစ်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲမှ ည ၁၁ နာရီအထိ ဒုတိယအကြိမ်အဖြစ်လည်းကောင်း ထုတ်လွှင့်ခဲ့သည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန်ကို ထပ်မံတိုးချဲ့ထုတ်လွှင့်ရန်အတွက် ထုတ်လွှင့်မှုကို ဧပြီ ၁ ရက်မှစ၍ မေ ၃၁ ရက်ထိ နံနက် ၆ နာရီမှ ၈ နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ ၁၂ နာရီ အထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ညနေ ၃ နာရီမှ ၅ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ကချင်ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်တိုးချဲ့ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လေယာဉ်ဆီဖြည့်ယာဉ် မီးခိုးထွက်ခြင်းသာဖြစ်

**နေပြည်တော် မတ် ၂၉**

မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Boarding Bridge-1 ၌ ဆိုက်ကပ်ထားသော Air China လေကြောင်းလိုင်းလေယာဉ် B-5043 အား စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လေယာဉ်ဆီဌာနမှ လေယာဉ်ဆီဖြည့်ယာဉ်အမှတ် ၀၀၁ ဖြင့် ဆီဖြည့်နေစဉ် Refueller Engine လည်ပတ်နှုန်း ရုတ်တရက်မြင့်တက်လာပြီး အိပ်ဇောမှ မီးခိုးများ ထွက်လာသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ မတ် ၂၇ ရက်ထုတ် ကြေးမုံသတင်းစာ၏ နောက်ဆုံးစာမျက်နှာတွင် လေယာဉ်ဆီတင်ယာဉ်တစ်စီးမီးလောင်ကြောင်း သတင်းဖော်ပြပါရှိခဲ့သည်။

ဖြစ်စဉ်အခြေအနေမှာ မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် Boarding Bridge-1 ၌ ဆိုက်ကပ်ထားသော Air China လေကြောင်းလိုင်းလေယာဉ် B-5043 အား လေယာဉ်ဆီဖြည့်ယာဉ် Refueller ဖြင့် ဆီဖြည့်နေစဉ် မွန်းလွဲ ၂ နာရီခန့်တွင် Refueller Engine လည်ပတ်နှုန်း ရုတ်တရက်မြင့်တက်လာပြီး အိပ်ဇောမှ မီးခိုးများထွက်ရှိလာရာ ယာဉ်မောင်းမှ အင်ဂျင်စက်အား ရပ်တန့်ရန်ကြိုးစားသော်လည်း မရသဖြင့် အင်ဂျင်သို့ဆီပို့လွှတ်သော ဆီပိုက်လိုင်းအား ဖြုတ်တောက်ခဲ့ပြီး ဆီဖြည့်ဝန်ထမ်းကလည်း မီးဘေး



အန္တရာယ်ကင်းရှင်းစေရေးအတွက် လေယာဉ်တွင် တပ်ဆင်ထားသော ဆီဖြည့်ပိုက်အား ဖြုတ်ခဲ့ကြောင်း၊ ဆီဖြည့်ယာဉ်၏ ဆီပိုက်လိုင်းနှင့် ဆီစစ်အိုးအတွင်းမှ လက်ကျန်ဆီများကြောင့် အင်ဂျင်မှာ နှစ်မိနစ်ခန့် ဆက်လက်လည်ပတ်နေခဲ့ပြီး မီးခိုးများ ထွက်ရှိခြင်းသာဖြစ်ကြောင်း၊ မီးခိုးထွက်ခဲ့သည့်အချိန်မှာ စုစုပေါင်း ခုနစ်မိနစ်ခန့် ကြာမြင့်ခဲ့ပါကြောင်း၊ လေယာဉ်ဆီဖြည့်ယာဉ်၏ ဆီပန့်ချွတ်ယွင်းမှုကြောင့် အိပ်ဇောပိုက်မှ မီးခိုးများထွက်ရှိလာခဲ့ခြင်းသာဖြစ်ပြီး ဆီဖြည့်ယာဉ်မီးလောင်ကျွမ်းမှုဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းမှာ မဟုတ်ပါကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ ထပ်မံသိရှိသည်။

**(ကြေးမုံ)**

✪ **စာမျက်နှာ ၆ မှ**

ထေရဝါဒဗုဒ္ဓဘာသာဝင် သူတော်စင်အရှင်သံဃာတော်မြတ်များနှင့် အလှူရှင် အလှူအမများကို သူတို့ရင်ထဲတွင် အမြဲမော်ကွန်းတင်ထားမည်ဟူသော ပီတိစကားများကို ကြားသိရ၍ ဖရဏာပီတိဂွမ်းဆီထိမျှ ကြည်နူးခဲ့ရပါ၏။

သို့သောအခါ စာရေးသူသည် မြတ်ဗုဒ္ဓဟောဖော်ညွှန်းပြတော်မူခဲ့သော ဆွမ်း၊ ထမင်း၊ ချိုချဉ်ခဲဖွယ်များကို လှူဒါန်းခြင်းဖြင့်ရရှိသော အကျိုးတရားငါးပါးကို ပြန်လည်အမှတ်ရမိပါ၏။ ယင်းတို့မှာ (၁)အာယု-အသက်ရှည်ခြင်း၊ (၂)ဝဏ္ဏ-အဆင်းလှခြင်း၊ (၃)သုခ-ချမ်းသာခြင်း၊ (၄)ဗလ-ခွန်အားကြီးခြင်း၊ (၅)ပဋိဘာန-ဉာဏ်ပညာကြီးခြင်းတို့ဖြစ်ကြသည်။ ထို့ပြင် အလှူဒါနပြုသူတို့၏မျက်မှောက်နှင့် တမလွန်အကျိုးတရားတို့ကိုပါ တစ်ဆက်တည်း သတိရနေမိသည်။ ယင်းတို့မှာ (၁)လူအများတို့ မျက်နှာမြင်လျှင်ချစ်ခင်နှစ်သက်ကြခြင်း၊ (၂)သူတော်ကောင်းတို့ မှီခိုဆည်းကပ်လာကြခြင်း၊ (၃)ဂုဏ်ကျေးဇူးသတင်းပျံ့နှံ့ကျော်ကြားခြင်း၊ (၄)ပရိသတ်ထဲသို့ကြောက်ရွံ့မှုကင်းစွာ ချဉ်းကပ်နိုင်ခြင်း၊ (၅)သေသည်၏အခြားမဲ့၌ ကောင်းရာသုဂတိသို့လားရခြင်းတို့ဖြစ်ကြသည်။

စာရေးသူသည် နေခြည်အဆင်းနှင့်ရွှေရည်ဝင်းနေသည့် ရွှေတောင်ကြီးပမာ သပ္ပာယ်လှသော ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ဦးခိုက်ကာဖူးလိုက်ရင်း (၈၅)ကြိမ်မြောက် စတုဒိသာအလှူတော်မင်္ဂလာကြီးကို တစိမ့်စိမ့်တွေးရင်း တသိမ့်သိမ့်ကြည်နူးကာ သာဓုအကြိမ်ကြိမ်ခေါ်နေမိပါသည်။ တစ်ဆက်တည်းမှာပင် မြတ်ဗုဒ္ဓ၏ပဋ္ဌာန်းဒေသနာတော်မှ-

"ကဗဠီကာရော၊ အာဟာရော၊ ဣမဿ ကာယဿ- အာဟာရပစ္စယေန၊ ပစ္စယော"

"ကဗဠီကာရော-ထမင်းလုပ်၊ ဟင်းလုပ် စသည်တို့၌ပါရှိသော အာဟာရော-အဆီဩဇာဟူသော အာဟာရသည် ဣမဿ ကာယဿ-ဤခန္ဓာကိုယ်ကာယ ရုပ်အပေါင်းအား အာဟာရပစ္စယေန- အဆီအနှစ်ဖြင့် ပစ္စယော-ကျေးဇူးပြုသည် ဟောတိ-ဖြစ်၏"ဟူသော ပါဠိတော်နှင့် အနက်အဓိပ္ပာယ်ကို ပြန်လည်အမှတ်ရနေမိသည်။ ဒါနဟူသောမြေပြင်၌ သီလဟူသောအပင်ကို စိုက်ပျိုး၍ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာဟူသော ဘာဝနာပန်းမြတ်များ ဖူးပွင့်နိုင်ပါစေကြောင်း အခါခါဆုတောင်းဆန္ဒပြုရင်း ဆက်လက်၍ ဇမ္ဗူတစ်ခွင်မှာ အလှူတော်မင်္ဂလာဖြင့် တူပျော်ရွှင်စွာဆင်နွှဲကြပါစို့ဟု အကျိုးမျှော်ကာ နှိုးဆော်လိုက်ရပါသည်။ ။



















**ပျောက်ဆုံး**

ကျွန်တော် ဘုန်းမြင့်ဝင်း CDC အမှတ်-၆၁၁၅၆ ကိုင်ဆောင်သော EDH လက်မှတ် အမှတ်-၁၁၈၅၆/၁၃ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၄၇၃၃၅**



**အမြန်ပြန်လာပါ**

သား မောင်ကျော်စိုးဟန်[၁၂/လသန(နိုင်)၀၂၃၇၉] ကိုင်ဆောင်သူသည် အသက် ၁၇ နှစ် မပြည့်သေးဘဲ (MIC)ကျောင်းတက်နေဆဲဖြစ်သဖြင့် ၂၇-၃-၂၀၁၄ ရက် နံနက်တွင် နေအိမ်မှ မိမိဆန္ဒအလျောက် ထွက်သွားပါသဖြင့် မိဘများနှင့်အတူ ဆွေမျိုးသားချင်းအားလုံး စိတ်သောကရောက်နေကြပါသဖြင့် ကြော်ငြာသည့်နေ့မှ (၇)ရက်အတွင်း အမြန်ပြန်လာပါ။ တွေ့ရှိက အကြောင်းကြားပေးပါ။ ဦးတင်ဌေ ဖုန်း-၀၉-၅၀၀၆၇၆၀

# ဆုံးမသည့် ဦးလေးကို တူဖြစ်သူက ဓားဖြင့်ထိုး

**ရန်ကုန် မတ် ၂၉**

လှိုင်သာယာမြို့နယ်အတွင်း မတ် ၂၈ ရက် ညပိုင်းက ဆူပူဆုံးမခဲ့သည့် ဦးလေးကို တူဖြစ်သူက ဓားဖြင့်ထိုး၍ သေဆုံးခဲ့သော ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် ည ၁၁ နာရီခွဲက လှိုင်သာယာမြို့နယ် သောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အင်းစိန်ဆေးရုံသို့ လူနာတစ်ဦး ရောက်ရှိလာကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ကြရာ သေဆုံးသူမှာ ကိုအောင်ထွေး (၃၀)နှစ် (၉)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူဖြစ်ကြောင်း သိရပြီး ဝဲဘက်ရင်ညွှန့်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိထားသည်ကို စစ်ဆေးတွေ့ရှိရသောကြောင့် ဖြစ်စဉ်အားစုံစမ်းရာ ယင်းနေ့ ည ၉ နာရီခန့်က သေဆုံးသူ ကိုအောင်ထွေးသည် တစ်ဝင်းတည်းအတူနေ တူဖြစ်သူ နိုင်လင်းထိန် (၁၆)နှစ်မှာ သူငယ်ချင်းများနှင့် စကားများပြီး နေအိမ်သို့ပြန်လာသည်ကို သိရသဖြင့် ဆူပူခဲ့ကြောင်း၊ ထိုသို့ဆူပူသည်ကို တူဖြစ်သူ နိုင်လင်းထိန်က မကျေနပ်၍ ဓားဖြင့်ထိုးရာမှ ဒဏ်ရာရရှိခဲ့ပြီး အင်းစိန်ဆေးရုံသို့ ပို့အပ်ကုသစဉ် ည ၁၁ နာရီ ၁၅ မိနစ်တွင် သေဆုံးသွားခဲ့ကြောင်းသိရသဖြင့် ယင်းကဲ့သို့ပြစ်မှုကျူးလွန်သူ နိုင်လင်းထိန်အား သောင်ကြီးနယ်မြေရဲစခန်းက (ပ) ၂၀၉/၂၀၁၄၊ ပြစ်မှုပုဒ်မ-၃၀၂ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(၀၄၀)**

# မြစ်အတွင်း ငါးပိုက်ဆင်းဖြုတ်စဉ် ရေနစ်သေဆုံး

**မကွေး မတ် ၂၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ချောင်းပိုက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဌေးက ချောင်းပိုက်ကျေးရွာ အနောက်တောင်ဘက် (၃)မိုင်ခန့်အကွာ ဧရာဝတီမြစ်အတွင်းလူတစ်ဦး ရေနစ်သေဆုံးကြောင်း သတင်းပေးချက်အရ စလေနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များသည်သက်သေများနှင့် အတူသွားရောက်စစ်ဆေးခဲ့ရာ ဝင်းရွာနေ စိန်ဌေး(၃၅)နှစ်ဆိုသူသည် ဧရာဝတီမြစ်အတွင်း ငါးပိုက်ဆင်းဖြုတ်ရာမှ ရေနစ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ရဲပြန်ကြား)**




# မင်းတုန်းမြို့နယ်တွင် မီးလောင်မှုကြောင့် အိမ်ထောင်စု ၃၁ စု အိုးမဲ့အိမ်မဲ့ဖြစ်

**မင်းတုန်း မတ် ၂၉**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် မဲဇလီကျေးရွာအုပ်စု သရက်ကျေးရွာတွင် မတ် ၂၈ ရက် ညနေ ၄ နာရီက မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အိမ်ထောင်စု ၃၁ စု အိုးမဲ့အိမ်မဲ့ ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ သရက်ကျေးရွာတွင် တစ်ဦးတည်းနေထိုင်သည့် ဒေါ်နွဲ့ကြည် အသက်(၆၀)နှစ်သည် နေအိမ်တွင် ဆေးလိပ်သောက်ရာမှ ဆေးလိပ်မီးပွားများ လွင့်စဉ်ပြီး နေအိမ်မီးစတင်ကူးစက်လောင်ကျွမ်းခဲ့ရာ ပတ်ဝန်းကျင်ရှိနေအိမ် ၃၁ လုံးနှင့်လူမနေသည့် နေအိမ်သုံးလုံး စုစုပေါင်းအိမ် ၃၄ လုံးမီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် အိမ်ထောင်စု ၃၁ စု၊ လူဦးရေ ၁၂၆ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ မီးဘေးသင့်ပြည်သူများအား သရက်ကျေးရွာ ကံဘဲဘုန်ကြီးကျောင်းသို့ ခေတ္တပြောင်းရွှေ့နေရာချထားကြောင်း၊ အဆိုပါမီးလောင်မှုကြောင့် လူများထိခိုက်ဒဏ်ရာရရှိမှုမဖြစ်ပွားခဲ့ဘဲ နွားမ တစ်ကောင် မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။ မီးပေါ့ဆစွာသုံးစွဲသူ ဒေါ်နွဲ့ကြည်အား မင်းတုန်းမြို့မရဲစခန်းက(ပ)၁၂/၂၀၁၄၊ ပုဒ်မ ၂၈၅ ဖြင့်အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**

# ပဲခူးမြို့၌ တရားဝင်ညှော့်လမ်းညွှန်များ ထားရှိရန်လိုအပ်

**ပဲခူး မတ် ၂၉**

ပဲခူးမြို့သည် သမိုင်းဝင်တန်ခိုးကြီးဘုရားများတည်ရှိရာ မြို့တစ်မြို့ဖြစ်သည့်အတွက် အမြို့မြို့အနယ်နယ်မှ ဘုရားဖူးဧည့်များ၊နိုင်ငံခြားခရီးသွားဧည့်သည်များပွင့်လင်းနွေရာသီကာလတွင် နေ့စဉ်မပျက်လာရောက်ဖူးမြော်လျက်ရှိကြောင်း တွေ့ရသည်။

တချို့သော နိုင်ငံခြားဧည့်သည်များမှာ မိမိတို့နှင့်အတူ တရားဝင်ဧည့်လမ်းညွှန်များ တစ်ပါတည်း လိုက်ပါခဲ့သော်လည်း တချို့သောနိုင်ငံခြား ဧည့်သည်များမှာ ဧည့်လမ်းညွှန်များမပါဘဲ လာရောက်ခဲ့ကြရာတွင် ပဲခူးမြို့ရောက်လျှင် ယာဉ်ပေါ်မှ ဆင်းသည်နှင့် ဆိုင်ကယ်ကယ်ရီများ၊ ဆိုက်ကားများ၊တချို့တရားဝင်ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအရ နိုင်ငံခြားသားများအား သီးခြားဧည့်လမ်းညွှန်လိုက်၍ ဆောင်ရွက်နေသူများက “သူ့ထက်ငါ” လုယက်၍ အတင်းမေး၊ အတင်းဝင်ပြီး စည်းရုံးပြောဆိုကြခြင်းမှာ သရုပ်ပျက် သိက္ခာကျစရာဖြစ်သည့်အပြင် နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာ၊မြို့ဂုဏ်သိက္ခာတို့ကို ကျဆင်းစေသည့်အတွက် မြန်မာတို့၏ ယဉ်ကျေးဖော်ရွေမှုကို သရုပ်ဖော်ကာ ဂုဏ်သိက္ခာမြင့်မားစေမည့် တရားဝင်နိုင်ငံခြားဧည့်လမ်းညွှန်များရှိရေးနှင့် တရားမဝင်ဧည့်လမ်းညွှန်များ စီးပွားရေးဆန်ဆန်စည်းရုံးနေခြင်းတို့အား သက်ဆိုင်ရာမှ ဆောင်ရွက်ပေးသင့်ပါကြောင်း ရေးသားလိုက်ရပေသည်။

**မျိုးသိန်း(ပဲခူး)**

# လျှပ်စစ်ဓာတ်အားခ နှုန်းထားများ ရှင်းလင်း

**ညောင်လေးပင် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ လျှပ်စစ်ဓာတ်အားခနှုန်းထားများအသစ်ပြောင်းလဲကောက်ခံခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို မတ် ၂၆ ရက် နံနက် ၁၁ နာရီတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ကျင်းပရာ ပဲခူးခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းဝင်းက မြို့ပေါ်ရပ်ကွက်များမှ လျှပ်စစ်မီးသုံးစွဲသူများအား ဓာတ်အားခတိုးမြှင့်ကောက်ခံရခြင်းရည်ရွယ်ချက်၊ ရရှိလာမည့်အကျိုးကျေးဇူးများနှင့် သုံးစွဲယူနစ်အပေါ် တွက်ချက်နည်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(၆၉၂)**


**သင့်ကြောင့် မီးလောင်မှုမဖြစ်ပွားပါစေနှင့်**






ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် ၁၇ ရပ်ကွက်၊ စက်မှုဇုန် (၅)၊ ရွှေရင်အေးကျောင်းလမ်းမပေါ်ရှိ အ-ထ-က(၃) ကျောင်းဝန်းကျင်အနီးမှ ပလတ်စတစ်ကျိုချက်လုပ်ငန်းစက်ရုံများမှ ထွက်ရှိလာသော အညှော်နံ့ဆိုးဝါးမှုကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေးအတွက် စိုးရိမ်နေကြသည်ဟု ဒေသခံပြည်သူများကပြောသည်။ ယင်းစက်ရုံနှင့် နီးစပ်ရာရပ်ကွက် အမှတ် ၁၇ ရပ်ကွက်၊ အမှတ် ၁၆ ရပ်ကွက်၊ အမှတ် ၁၁ ရပ်ကွက်၊ အမှတ် ၁၂ ရပ်ကွက်၊ အမှတ် ၁၃ ရပ်ကွက်များ ဝန်းရံလျက်ရသည့် ဇုန် ၅ ၌ ပလတ်စတစ်ကျိုချက်စက်ရုံများမှ ထွက်ရှိနေသောအနံ့ဆိုးများကို ဒေသခံပြည်သူများ၊ ကလေးသူငယ်များ၊ ကျောင်းသားကျောင်းသူများ၊ လမ်းသွားလမ်းလာ ပြည်သူများ ခံစားနေကြရပြီး ရောဂါဆိုးများ မဖြစ်ပွားစေရန်နှင့် ပတ်ဝန်းကျင်နေ လုပ်သားပြည်သူများ အညှော်နံ့ကင်းရှင်း၍ ကျန်းမာရေးထိခိုက်မှု ကင်းဝေးစေရန်အတွက် မြို့နယ်အဆင့်တာဝန်ရှိသူများထံ တိုင်ကြားထားသည်ဟုသိရသည်။
သတင်းနှင့်ဓာတ်ပုံ- မင်းထက်ပိုင်(လှိုင်သာယာ)

# လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်ကောက်ခံခြင်းနှင့်ပတ်သက်၍ မကွေးမြို့တွင် ရှင်းလင်းပြောကြား

**မကွေး၊ မတ် ၂၉**

မကွေးမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမတွင် မတ် ၂၄ ရက်က လျှပ်စစ်ဓာတ်အားခနှုန်း ပြောင်းလဲကောက်ခံခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာဦးတင့်ဝေက ဓာတ်အားခနှုန်းထားပြောင်းလဲကောက်ခံရာတွင် လူထုအတွက် မူလကောက်ခံသည့် တစ်ယူနစ် ၃၅ ကျပ်နှုန်းဖြင့်မပြောင်းလဲဘဲကောက်ခံပါကြောင်းနှင့် ယူနစ် ၂၀၀ နှင့်အထက် သုံးစွဲသူများအား အဲကွန်းနှင့် ဇိမ်ခံပစ္စည်းများအတွက် ကျပ် ၅၀ နှုန်းဖြင့် ပြောင်းလဲ ကောက်ခံသွားမည်ဖြစ်သဖြင့် အခြေခံလူထုအတွက် ထိခိုက်မှုမရှိပါကြောင်း၊ လက်ရှိပြောင်းလဲကောက်ခံမည့် နှုန်းထားမှာ ခေတ်ကာလနှင့် လျော်ညီစွာ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ကိုက်ညီသောဈေးနှုန်းနှင့် ကောက်ခံခြင်းမဟုတ်သော်လည်း အများပြည်သူအတွက် သင့်တော်သည့် နှုန်းထားနှင့်သာ ကောက်ခံထားခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

တက်ရောက်လာကြသူများက အလတ်စားလုပ်ငန်းများအတွက် ယူနစ် ၅၀၁ မှ ၁၀၀၀၀ အထိ ကျပ် ၁၀၀ နှင့် ၁၀၀၀၁ ယူနစ်မှ ၅၀၀၀၀ ယူနစ်အထိ ၁၂၅ ကျပ်နှုန်းကောက်ခံနေ၍ အလတ်စားလုပ်ငန်းရှင်များအတွက် ဈေးနှုန်းအတူတူဖြစ်သင့်ကြောင်း တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

## စာမတတ်သူပပျောက်ရေးမှ စာမဖတ်သူပပျောက်ရေးလုပ်ငန်းဆောင်ရွက်

**မြင်းခြံ၊ မတ် ၂၉**

မြင်းခြံတွင် စာမတတ်သူပပျောက်ရေးမှ စာမဖတ်သူ ပပျောက်ရေး အတွက် အိမ်အရောက် လူစည်ကားရာရုံးဌာနအရောက် မြင်းခြံခရိုင် ပြန်/ဆက်ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားကြောင်း မြင်းခြံခရိုင်ပြန်/ဆက်ဦးစီးမှူး ဒေါ်နှင်းရည်က ပြောသည်။

ကျောင်းနှင့် ရပ်ကွက်များတွင် Mobile စာကြည့်တိုက်၏ စာအုပ်ငှား Book Cornor စာပေရေချမ်းစင် စာအုပ်အငှားဆိုင် ၁၅ ခုဖြင့် ဘုတာရုံ၊ ယာဉ်ရပ်နားစခန်း၊ ကားဂိတ်နှင့် သဘော်ဆိပ်တွင် ဝန်ဆောင်မှုများအား မြင်းခြံတွင်လုပ်ဆောင်နေသည်။

အင်တာနက်တပ်ဆင်ခြင်း၊ ဝိုင်ဖိုင်အခမဲ့အသုံးပြုခြင်း၊ Sky Net Movie5 ချိတ်ဆက်ပြခြင်း၊ လက်ကမ်းစာစောင်ဝေငှခြင်း၊ နံရံကပ်စာစောင်ပြုလုပ်ခြင်း၊ ပြပွဲပြခန်းများ ခင်းကျင်းခြင်း၊ နယ်လှည့်စာကြည့်တိုက် ဖွင့်ခြင်း၊ ဟောပြောခြင်း၊ ဓာတ်ပုံပြသခြင်းများ ပြုလုပ်လျက်ရှိသည်။

**ဌေးမြင့်မောင်**

# ပြင်ဦးလွင်နှင့် ပုသိမ်ကြီးမြို့နယ်တွင် သတ္တုသယံဇာတတူးဖော်ခွင့် မပြုတော့

**မန္တလေး၊ မတ် ၂၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်ဒေသနှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သတ္တုသယံဇာတ တူးဖော်ခွင့် လုံးဝမပေးတော့ကြောင်းနှင့် တရားမဝင် သစ်ခိုးထုတ်မှုများအား ဆက်လက်ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှ သိရသည်။

သာစည်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း မေးမြန်းသည့် မြို့ပြကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ သက်ရှည်ကျန်းမာစေဖို့ သဘာဝပတ်ဝန်းကျင်ကို မည်သို့မည်ပုံ ထိန်းသိမ်းစောင့်ရှောက်သွားမည်ကို ပြည်သူများကိုယ်စား၊ သတ္တုနှင့် သစ်တောရေးရာကော်မတီ ကိုယ်စားသိလိုကြောင်း မေးမြန်းတင်ပြခြင်းနှင့် ပတ်သက်၍ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးဦးသန်းစိုးမြင့်က ရှင်းလင်း ဖြေကြားခြင်းဖြစ်သည်။

သတ္တုသယံဇာတများ တူးဖော်ရေးလျှောက်ထားရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဘက်စုံ၊ ထောင့်စုံ စိစစ်ပြီးမှသာ ထောက်ခံချက်များ ပေးလျက်ရှိပြီး သစ်ပင်ကြီးများ ပေါက်ရောက်လျက်ရှိသော နေရာဒေသများတွင် သတ္တု၊ သယံဇာတတူးဖော်ခွင့် မပြုကြောင်း၊ ဓမ္မတာမျိုးဆက် ဧရိယာများ၊ ရေဝေရေလဲဧရိယာများတွင်လည်း သတ္တုတူးဖော်ခွင့် မပေးကြောင်း ၎င်းက ပြောကြားသည်။

"သတ္တု၊ သယံဇာတများ တူးဖော်ရာမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်အောင် သတ္တုတူးဖော်သူများကို သတ္တုတွင်း ဥပဒေများနဲ့အညီ ကြီးကြပ်ခြင်း၊ စီမံခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဝန်ကြီးဦးသန်းစိုးမြင့်က ပြောကြားသည်။

ထို့ပြင် တိုင်းဒေသကြီးအနေဖြင့်တရားမဝင်သစ်ခိုးထုတ်မှုများအား ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်ထိ တရားမဝင်သစ် ၂၇၉၂ ဒသမ ၃၆၈၆ တန်၊ မီးသွေး ၄၉၁ ဒသမ ၈၈ တန်၊ မော်တော်ယာဉ် ၁၂၈ စီး၊ သစ်စက် ၃၂ လုံးနှင့် တရားခံ ၄၆၇ ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခြင်း၊ လူထုဖြန့် ပျိုးပင်များ ပျိုးထောင်၍ ဖြန့်ဝေစိုက်ပျိုးစေပြီး သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း လုပ်ငန်း၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ခင်းတည်ထောင်ခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း လုပ်ငန်းများအား နှစ်စဉ်လျာထား သတ်မှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ကျေးရွာတိုင်း၊ လူတိုင်း သစ်ပင်စိုက်ပျိုးရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ NGO အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အထူးအလေးထားဆောင်ရွက်သွားမည်ဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေဖြင့်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ လူတိုင်းသစ်ပင်စိုက်ပျိုးရေးကိစ္စများနှင့် ပတ်သက်၍ ပြည်သူလူထုအား ပညာပေးစည်းရုံးပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ပေးစေလိုကြောင်း ဝန်ကြီးဦးသန်းစိုးမြင့်က ရှင်းလင်းဖြေကြားခဲ့သည်။

**အောင်ရဲသွင်**

ဥယျာဉ်ခြံမြေရောင်းမည်
ပုသိမ်-မချောင်းသားသယ်မပေါ်
ဖုန်း-၀၉၅၀၄၁၄၄၀၊
၈၆၁၃၄၄၅

တာရန်ရှိသည်
ဖုန်း- ၀၉-၅၀၀ ၂၇၇၇

မြေကွက်ရောင်းမည်
ဖုန်း-၀၉-၇၃၀၆၀၀၅၂

ဖရုံမြို့သစ်
မြေကွက်များဝယ်သည်
Ph : 09-73121112
09-420064446

ပီတ်ပြီရှိ
09 730 77722, 09 73077744

မြေသီန်း
Super Saloon
88 Model
Ph:09-73162580
09-420131037

ရောင်းမည်

ရွှေမှုန်မြင့်
အမှတ်တံဆိပ်
အကြောပြေ မျက်စိကြည်ဆေး
TMR-007525(0614)

ဝိနည်းလုံး
ဈေးထွက်များခြင်း ၊ ဈေးနံ့နံခြင်း
ချိုင်းသားမည်းခြင်း၊ မိတ်မှယားခြင်း နှင့်
သားငါးပုစွန်ကိုင်တွယ်လို့ အညှီနံ့များ
စွဲနံခြင်း တွေပျောက်ကင်းစေဖို့
ဝိနည်းလုံး အနံ့ပျောက်ဆေး ကိုလိမ်းပါ။



မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်၊ ပြင်စည်စံပြကျေးရွာအနီး၌ တည်ရှိသော ရွှေစည်းခုံစေတီတော် တနင်္ဂနွေထောင့်မှ ဂြိုဟ်ပြေန်ပြေဘုရားကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၏ ရှေ့မျက်နှာတော်တွင် ထူးခြားစွာ ပျားများအုံဖွဲ့စွဲကပ်နေကြောင်းသိရသည်။ ညဏ်တော်တစ်ပေခွဲခန့်ရှိ အဆိုပါ ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော်၏ ဦးခေါင်းတော်နှင့် ရှေ့မျက်နှာတော်၌ ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်မှ စတင်၍ ပျားများလာရောက်စွဲကပ်ခဲ့ရာ ယခုမတ်လတွင် တစ်ဆူလုံးနီးပါး ပျားများစွဲကပ်ခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါ စွဲကပ်နေသည့် ပျားများမှာ အဆိပ်ရှိပျားများဖြစ်သော်လည်း မည်သူ့ကိုမျှ အန္တရာယ်မပြုကြောင်း ပြင်စည်တောရကျောင်းတိုက် ဆရာတော် ဦးအရိယဉာဏကရှင်းလင်းမိန့်ကြားခဲ့သည်။

သတင်းနှင့် ဓာတ်ပုံ - သီပေါကိုလတ်

# နွားထိုးကြီး၌ ခရမ်းချဉ်သီးအထွက်နှုန်းတိုး၍ဈေးကျ

**နွားထိုးကြီး၊ မတ် ၂၉**

နွားထိုးကြီးမြို့နယ် ခရမ်းချဉ်သီးထွက် နယ်မြေများ၌ ခရမ်းချဉ်သီး အထွက်နှုန်းတိုး၍ ဈေးပေါနေကြောင်း သိရသည်။

ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၁၀၀၊ ၂၀၀ နှင့် ခရမ်းချဉ်သီး တစ်တင်း ကျပ် ၇၅၀၊ ၈၀၀ ဈေးဖြင့် ခရမ်းချဉ်ဈေးကျနေရာ ဝက်လူး၊ ပဲချက်ရွာများတွင် ခရမ်းချဉ်သီးများကို နွားကျွေးနေရကြောင်း ပဲချက်ရွာသားက ဆိုသည်။

ခရမ်းချဉ်သီးအခင်းမှ တစ်ရက်လျှင် ပိဿာချိန် ၁၅၊ ၂၀၊ ၂၅ ထိ ထွက်၍ ကားစရိတ်ရှုံးနေပြီး မြို့မတင်နိုင်ဘဲ ရွာနွားကျွေးခြင်းပါဟု ဆက်ပြောသည်။ ခရမ်းချဉ်သီးကို နှစ်ပေါက်ရာသီမရွေးစိုက်နေ၍ ပြည်တွင်းဗမာမျိုး၊ နိုင်ငံခြားမျိုးဟူ၍ နှစ်မျိုးရှိသည်။ တိုင်ထောင်စိုက်သော သီးနှံဖြစ်၍ အလုံးသန့်ပြီး စိုက်သူတွေ အရှုံးမရှိသော သီးနှံဖြစ်၍ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်သူ ပေါနေကြောင်း သိရသည်။

**ခင်ဇာမွန်မြင့် (ဥပဒေ)**

# တီးတိန်မြို့နယ် မွာလ်နွမ်း(ဒီ)ကျေးရွာတွင် သောက်သုံးရေ လုံလောက်စွာရပြီ

**တီးတိန်၊ မတ် ၂၉**

ချင်းပြည်နယ် တီးတိန်မြို့နယ် ဒေါ်လွင်ကျေးရွာအုပ်စု၊ မွာလ်နွမ်း(ဒီ) ကျေးရွာတွင် သောက်သုံးရေဖြန့်ဝေမှုဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်နှင့် ကျေးရွာရပ်မိရပ်ဖ သိက္ခာတော်ရဆရာ ဦးတွောင်ခန့်ကပ်တို့က ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါသောက်သုံးရေဖွင့်ပွဲတွင် ကျေးရွာတာဝန်ခံ ဦးကျင့်ခေါမ်းထန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယခင်ဝါးခြမ်းဖြင့်သာ သွယ်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုနိုင်ငံတော်အစိုးရက ပံ့ပိုးကူညီမှုအားဖြင့် အရှည် ၂ မိုင်ရှိ ပီဗွီစီ ၂ လက်မ ပိုက်ဖြင့် ရေပိုက် သွယ်တန်းပေးခဲ့ပြီး ဂါလန် ၅၀၀၀ ဆံ့ ရေလှောင်ကန် ဆောက်လုပ်ပေးခဲ့ခြင်းအတွက် သောက်သုံးရေ လုံလောက်စွာ ဖောသီသီ သုံးစွဲနိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသွားသည်။

မွာလ်နွမ်း(ဒီ)ကျေးရွာ သောက်သုံးရေ သွယ်ယူခြင်းလုပ်ငန်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၅ ဒသမ ၀၀ သန်းဖြင့် Royal City Men Co. Ltd. မှ တာဝန်ယူဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး မတ် ၁၅ ရက်တွင် ပြီးစီးသွားကြောင်း သိရသည်။

**ဇိုဟေဆာ(ချင်းတောင်ခြေ)**

## သတင်းတို

### ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာချင်းဆက်လမ်းဖောက်

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာ သွားလာလွယ်ကူနိုင်စေရန်အတွက် ၂၀၁၃ -၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၁၀၀ သန်းဖြင့် ၁ မိုင်အရှည်ရှိ ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မိုးမောက်-ခူးလီ မြေသားလမ်းပိုင်းကို အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဇော်လွင်ဦးက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘုတလင်မြို့နယ်တွင် ဆိတ်မွေးမြူရေးလုပ်ငန်း နည်းပညာဆိုင်ရာ သင်တန်းများကို ဧပြီနှင့် ဇွန်လများတွင် ဖွင့်လှစ်သွားမည်

**ဘုတလင်၊ မတ် ၂၉**

ဘုတလင်မြို့နယ်အတွင်း ဆိတ်မွေးမြူရေးလုပ်ငန်းနည်းပညာဆိုင်ရာ သင်တန်းများအဖြစ် ဧပြီလအတွင်း ဆိတ်မျိုးကောင်းမျိုးသန့်မြှင့်တင်ခြင်းသင်တန်း၊ ဇွန်လအတွင်း ဆိတ်မွေးမြူရေးလုပ်ငန်း၊ အာဟာရကျွေးမွေးပြုစုနည်းသင်တန်းများ ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းနည်းပညာသင်တန်းများကို မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ မန္တလေးစသည့် မြို့ကြီးများတွင် ဖွင့်လှစ်ရန်စီစဉ်ထားပြီး ဆိတ်နှင့်နွားမွေးမြူရေးလုပ်ငန်းများတည်ရှိသည့် စားကျက်ရှားသည့်ဒေသများတွင် နိုင်ငံခြားမြက်များကို မွေးမြူစိုက်ပျိုးသည့် နည်းစနစ်ကို စမ်းသပ်နေပြီဖြစ်ကြောင်း၊ အရွက်ကို တိရစ္ဆာန်အစာ၊ သစ်ကိုင်းကို ထင်းအဖြစ်အသုံးပြု၍ရသည့် ဒေသရာသီဥတုနှင့်ကိုက်ညီသည့် မျိုးစိပ်သစ်များ စိုက်ပျိုးရန် မျိုးစေ့များထောက်ပံ့ထားကြောင်း၊ မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဒေါက်တာဖေတင်က အဆိုပါသင်တန်းတွင် ပြောကြားသည်။

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ဖိတ်ကြားမှုဖြင့် အဏုဇီဝကပ်ပါးပေဒနှင့် မွေးမြူထုတ်လုပ်ရေးပညာရှင် Dr. Daniel Miller သည် မတ် ၂၀ မှ ဧပြီ ၅ ရက်အထိ ပြည်တွင်းမွေးမြူရေးလုပ်ငန်းများတွင် နည်းပညာဆိုင်ရာသင်တန်း ၂ ခုကို ဖွင့်လှစ်သင်ကြား သွားမည်ဖြစ်သည်။ ဘုတလင်မြို့နယ်အတွင်း ဆိတ်မွေးမြူထုတ်လုပ်သည့် နည်းစနစ်သင်တန်းတွင် ဆိတ်မွေးမြူထုတ်လုပ်ရေးအတွက် စီမံခန့်ခွဲမှုများ၊ သားစပ်လုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် အသားအရည်အသွေးကောင်းမွန်ရေးတို့ကို သင်ကြားပို့ချပေးခြင်းဖြင့် ထုတ်လုပ်မှုမြင့်မားလာပြီး ဝင်ငွေတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးမှုအစီအစဉ် USAID ၏ ထောက်ပံ့မှုဖြင့် ဘုတလင်မြို့နယ်၊ ညောင်ကန်ကျေးရွာတွင် ဆိတ်မွေးမြူထုတ်လုပ်မှုနည်းစနစ်သင်တန်းအား မတ် ၂၇ ရက်မှ ၂၉ ရက်နေ့အထိ သုံးရက်ကြာ သင်တန်း ဖွင့်လှစ်ခဲ့ကြောင်းလည်း သိရသည်။

အဆိုပါ သင်တန်းသို့ ဘုတလင်မြို့နယ်မှ ဆိတ်မွေးမြူသူများသာမက ရွှေဘိုနှင့် မုံရွာမြို့နယ်အတွင်းမှ ဆိတ်မွေးမြူရေးလုပ်ငန်းရှင်များ၊ နွားမွေးမြူရေးလုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။ ဘုတလင်မြို့နယ်အတွင်းရှိ တွင်းတောင်၊ ငွေးပင်ညှင်း၊ တခွတ်တနယ်၊ မုံအို၊ ပြူးထူး စသည့်ကျေးရွာများတွင် တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူရေးလုပ်ကိုင်သူများ များပြားခဲ့ပြီး ခေတ်မီနည်းစနစ်များဖြင့် ဆိတ်မွေးမြူရေးလုပ်ကိုင်ရန် နိုင်ငံတကာမွေးမြူရေးပညာရှင်များ ဖိတ်ခေါ်၍ ဆိတ်မွေးမြူရေးလုပ်ငန်းနည်းပညာဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**





နမ့်လန်တပေါင်းပွဲတော်တွင်တွေ့ရသည့် တိုင်းရင်းသားများ။

# သီပေါမြို့နယ်တွင် (၁၀၈) ကြိမ်မြောက် နမ့်လန်တပေါင်းပွဲ တော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**သီပေါ၊ မတ် ၂၉**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စု မဟာမြတ်မုနိဘုရားကြီး၏ (၁၀၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် တပေါင်းပွဲတော်ကြီးကို ၂၀၁၄ ခုနှစ် မတ် ၂၃ မှ ၂၅ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ယခုနှစ် နမ့်လန်တပေါင်းပွဲတော်သို့ သီပေါမြို့မှ ၃၈ မိုင်ရှိ နမ့်လန်ကျေးရွာအုပ်စု ရပ်ကွက် ၁၁ ရပ်ကွက်နှင့် ကျေးရွာ ငါးရွာတို့မှ ဒေသခံတိုင်းရင်းသားများ၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ မိုင်းကိုင်မြို့နယ်များနှင့် ရပ်ဝေးရပ်နီးတို့မှ ကုန်ရောင်းကုန်ဝယ် ဈေးသည်များ လာရောက်ကြပြီးနာမည်ကျော် ရှမ်းတိုင်းရင်းသားတေးသံရှင်များပါဝင်သည့် စင်တင်တေးဂီတပွဲ၊ ရှမ်းယဉ်ကျေးမှုဇာတ်သဘင်နှင့် ကြည့်ချင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပြခန်းများဖြင့် ကျင်းပခဲ့ကြသည်။ ၎င်းအပြင် နမ့်လန်ဒေသထွက် ကုန်များကိုလည်း ပွဲဈေးဆိုင်ခန်းဖွင့်လှစ်ခင်းကျင်း ရောင်းချခဲ့ကြသည်။

"ကျွန်တော်တို့ နမ့်လန်ဒေသမှာ ဒီတပေါင်းပွဲတော်ကြီးကို ဘိုးဘွားများလက်ထက်ကစလို့ နှစ်စဉ်မပျက် ကျင်းပလာခဲ့တာ (၁၀၈) နှစ်ရှိပါပြီ။ ပွဲတော်ကို တပေါင်းလပြည့်ကျော် ၈၊ ၉၊ ၁၀ ရက်တွေမှာ စီစဉ်ကာကျင်းပခဲ့တာကတော့ တပေါင်းလပြည့်ရက်တွေမှာ အနီးပတ်ဝန်းကျင်က ဘော်ကြိုတပေါင်းပွဲ၊ မိုင်းကိုင်တပေါင်းပွဲ၊ သိန္နီတပေါင်းပွဲ၊ လားရှိုးမန်ဆူတပေါင်းပွဲစတဲ့ ပွဲတော်တွေနဲ့ တိုက်နေလို့ဖြစ်ပါတယ်။ အဲဒီအတွက် ရှေးလူကြီးတွေက အဲဒီတပေါင်းပွဲတော်ကြီးတွေပြီးမှ နမ့်လန်တပေါင်းပွဲကို လွတ်လွတ်ကျွတ်ကျွတ် စီစဉ်ကျင်းပခဲ့ကြတာပါ။ ဒါကြောင့်လည်း နမ့်လန်တပေါင်းပွဲတော်ဟာ တိုင်းရင်းသားပေါင်းစုံ၊ လူမျိုးပေါင်းစုံနဲ့ အထူးစည်ကားပြီး ပျော်ရွှင်ငြိမ်းချမ်းစွာ ကျင်းပလာနိုင်ခဲ့ခြင်းဖြစ်ပါတယ်"ဟု နမ့်လန်အုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းရွက်စိန်က ပြောသည်။

**သီပေါကိုလတ်**

# ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ် ဒေသတို့တွင် ပင်ရင်းဓနိ အရောင်းအဝယ် ပိုကောင်းလာ

**ဖျာပုံ၊ မတ် ၂၉**

ယခုအခါ လုပ်ငန်းအဆောက်အအုံများနှင့် အခြေခံလူတန်းစားများ၏ နေအိမ်အမိုးအကာများ ပြင်ဆင်ချိန်ရောက်ရှိလာပြီဖြစ်သဖြင့် ရန်ကုန်မြို့နှင့် မြစ်ဝကျွန်းပေါ် ဓနိရောင်းအားကောင်းလာပြီဖြစ်ကြောင်း ဖျာပုံမြို့နယ် တယ်ပင်ဆိပ်ကျေးရွာနေ ဓနိခြံနှင့် ဓနိကုန်သည် ဦးညွန့်တင်ထံမှ သိရသည်။

ရန်ကုန်မြို့ ဓနိဈေးကွက်များသို့ မြစ်ဝကျွန်းပေါ်မြို့ရွာအသီးသီးရှိ ပင်ရင်းဓနိဈေးကွက်များမှ တင်ပို့ရောင်းချနေသော်လည်း လပွတ္တာမြို့နယ်၊ လှိုင်းဘုံးကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသများမှ ထွက်ရှိသည့် လှိုင်းဘုံးဓနိနှင့် ဖျာပုံမြို့နယ် တယ်ပင်စိတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသများမှထွက်ရှိသည့် တယ်ပင်ဆိပ်ဓနိများမှာ တာရှည်ခံသဖြင့် ဈေးကောင်းရရှိကာ လူကြိုက်အများဆုံးဖြစ်သည်။ ရန်ကုန်မြို့၏ ဓနိဈေးကွက်များမှာ လှိုင်သာယာ၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ မြောက်ဥက္ကလာပ၊ အင်းစိန်၊ သန်လျင်၊ ဒလ၊ ဒေါပုံစသည့်မြို့နယ် ဒေသများတွင် အများဆုံးရှိနေပြီး လက်ရှိတွင် မြို့နယ်အနီးအဝေးခရီး စရိတ်ပေါ်မူတည်ကာ ဓနိပြစ်တစ်ရာလျှင် ငွေကျပ် ၄၅၀၀ မှ ၅၀၀၀ ထိပေါက် ဈေးရှိနေသည်။

မြစ်ဝကျွန်းပေါ်ပင်ရင်းဒေသများမှ ဓနိများကို စက်လှေများဖြင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြသဖြင့် ပုဇွန်တောင်ချောင်း၊ လှိုင်မြစ်၊ ပန်းလှိုင်မြစ်၊ ပဲခူးမြစ်ကမ်းဒေသများနှင့် နီးစပ်သောဈေးကွက်များမှာ ဈေးနှုန်းသက်သာပြီး ကမ်းခြေမှတစ်ဆင့်ကားဖြင့် သယ်ယူရောင်းချရသည့် ကုန်းတွင်းဈေးကွက်များမှာ ဈေးနှုန်းအနည်းငယ်ပိုမိုများပြားကြောင်း ဓနိဈေးကွက်မှ သိရသည်။

ဓနိဈေးကွက် အရောင်းအဝယ်လိုက်လာသည့်အတွက် ဓနိတံဝါးများမှာလည်း တစ်စီးလျှင် ကျပ် ၄၃၀ မှ ၆၀၀ အထိ ဈေးနှုန်းမြင့်တက်လာခဲ့သည်။ ပင်ရင်းဒေသများတွင် ဓနိဈေးကွက် သွက်လက်လှုပ်ရှားနေသဖြင့် ဒေသအတွင်းရှိ လက်လုပ်လက်စား အလုပ်သမားများမှာလည်း ဓနိခုတ်အလုပ်၊ ဓနိထိုးအလုပ်၊ ဓနိသယ်အလုပ်များ လုပ်ကိုင်ပြီး နေ့စဉ်ဝင်ငွေရရှိကာ အဆင်ပြေနေကြောင်း၊ အချို့သောမိသားစုများမှာ ဓနိအလုပ်ရုံများမှ ဓနိများကို မိမိတို့၏နေအိမ်များသို့ ယူဆောင်ကာ မိသားစု စုပေါင်းဓနိထိုးကာ ဝင်ငွေရရှိ၍ အဆင်ပြေနေကြောင်း သိရသည်။

ဓနိဈေးကွက်မှာ နှစ်စဉ်ဇွန်လထိ သွက်လက်လှုပ်ရှားလေ့ရှိနေသဖြင့် ဒေသခံ လက်လုပ်လက်စား အလုပ်သမားများမှာလည်း နောက်သုံးလေးလထိ ဓနိလုပ်ငန်းမှ ဝင်ငွေများရရှိကာ အဆင်ပြေနေကြမည်ဖြစ်ကြောင်း ဘိုကလေးမြို့နယ် ဓနိသယ်လုပ်သားများက ပြောသည်။



ဓနိထိုးနေကြသည့် မိသားစုတစ်စု။

**မင်းသစ္စာလှိုင်(ကဒုံကနီ)**

# မြိတ်မြို့၌ ကုန်သွယ်မှုလုပ်ငန်းများညှိနှိုင်းဆွေးနွေး

**မြိတ်၊ မတ် ၂၉**

မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံ ပရကျွတ်ခီရီခန်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ စီးပွားရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို မြိတ်မြို့၊ အောက်ရေပုန်းရပ်ကွက်ရှိ Pearl Laguage Hotel၊ Myeik ၌ မတ် ၂၇ ရက်တွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မောတောင်နယ်စပ်ဖြတ်ကျော်၍ နှစ်နိုင်ငံကုန်သွယ်မှုများ ပြုလုပ်ရာ၌ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေး၊ ကုန်သွယ်မှုတိုးတက်ရေးတို့အတွက် မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးလှသန်းနှင့် ပရကျွတ်ခီရီခန်ခရိုင် ကုန်စည်နှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ မစ္စတာ စုရအတ်တို့က အသီးသီး ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသော စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ရေလုပ်ငန်းရှင်များက ကုန်သွယ်မှုများနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**ဇော်မျိုးနိုင် (ပြန်/ဆက်)**

# သတင်းတို

## အနော်ရထာလမ်း ကျောက်ချောလမ်းသစ်ဖွင့်

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ရေစကြိုမြို့၊ အမှတ် (၇) ရပ်ကွက်၊ အနော်ရထာလမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၇ ရက် နံနက်က အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးနိုင်ဦးက လမ်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးခိုင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်နိုင်လင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဘိုဝင်းတို့က လမ်းသစ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့ကြသည်။

**ဖေထွန်းဇော်**

ယုဇနပလာဇာ–ယဉ်ယဉ်မိသားစု
အဆောင့်မြင့်သကြင်္နခရီးစဉ် စရိတ်ငြိမ်း - 170000 Ks
မြဝတီ-မဲဆောက်-ဖလေါ-ဓော်လမြိုင် - April 12 to 16
Ph - 200747 - [1315,1325], 09-73009841
ယုဇနပလာဇာ -L7 M10-M11 ဦးတင်ဝင်းကျော်

No. 7 April
EVER ENGLISH
အင်္ဂလိပ်စာသင်ခန်းစာကို Audio-Video နှင့်
5 Skills မဂ္ဂဇင်း
CD ပါ မဂ္ဂဇင်းမျိုး ဒီတစ်အုပ်ပဲ ရှိသေးတယ်မျို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြော်ငြာ

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖအိမ်ထောင်မရှိသူ(အပျို)ဖြစ်ရမည်၊

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်၊

(ဂ) ၃၁-၁၂-၂၀၁၃ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ၊

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်၊(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်၊)

(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်၊

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၈-၃-၂၀၁၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၉-၃-၂၀၁၄ ရက်နေ့မှ ၁၈-၄-၂၀၁၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်၊

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်၊

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်၊

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)၊

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓါတ်ပုံ (၃) ပုံ၊

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်၊ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်၊ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်၊

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ်၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်၊

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၅၅၀၀၀ /-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည့်အထိ တပ်သား အခြေခံလစာ ၅၆၀၀၀/-ကျပ်ကိုလည်းကောင်း ရရှိမည်၊ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)(အခြေခံလစာ-၇၄၀၀၀+အရည်အချင်းလစာ ၁၀၀၀+ M.H.R.A ၅၀၀၀=၈၀၀၀၀) အဖြစ် ခန့်အပ်ပေးမည်၊ [ ၎င်းအပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀/-) ခံစားခွင့်ပြုသည်။]

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များရရှိမည်-

| | အဆင့်/အတန်း | အခြေခံလစာ | အရည်အချင်းလစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၇၄၀၀၀ | ၁၅၀၀ | ၅၀၀၀ | ၈၀၅၀၀ |
| (ခ) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၇၄၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၈၁၀၀၀ |
| (ဂ) | ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၈၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၉၃၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၉၂၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၉၉၀၀၀ |

**မှတ်ချက်။** (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ၅၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်၊

(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀/-) ခံစားခွင့်ပြုသည်၊

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်၊

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်၊

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရမည်းသင်းခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးကော်မတီများနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၂၉**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့်ကော်မတီများအား ယနေ့နံနက် ၉ နာရီခွဲတွင် ရမည်းသင်းမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပါကြောင်း၊ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒေသခံပြည်သူများ၏အကျိုးကို တိုက်ရိုက်ဖြည့်ဆည်းပေးနိုင်သည့်အတွက် ပြည်သူများက အားထားကြသည်ကိုလည်း သိရှိရပါကြောင်း၊ နိုင်ငံတော်နှင့် တိုင်းဒေသကြီးအဆင့်စီမံကိန်းများကို နှစ်စဉ်ချမှတ်ဆောင်ရွက်လျက်ရှိသော်လည်း ဒေသခံပြည်သူများ၏ လတ်တလောလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ကောက်သင်းကောက်၊ ကွက်ပြည့်နင်းဖွံ့ဖြိုးရေး လုပ်ငန်းများကို ဤရန်ပုံငွေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေချထားပေးခြင်းသည် မိမိတို့လွှတ်တော်အနေဖြင့် ပထမဆုံး ဆောင်ရွက်ရသဖြင့် ပြည်သူ့လိုအင်ဆန္ဒကို စနစ်တကျဖြည့်ဆည်းပေးသည့်စံပြလုပ်ငန်းဖြစ်ရန်လိုအပ်ပါကြောင်း၊ မြို့နယ်အလိုက်ရရှိသည့် ရန်ပုံငွေများအား ထိရောက်စွာအသုံးပြုနိုင်ရန် သက်ဆိုင်ရာကော်မတီများက အလေးအနက်ထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အသုံးပြုသည့်ရန်ပုံငွေများကို စာရင်းဇယားစနစ်တကျပြုစု၍ သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့များက စစ်ဆေးနိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ရန်ပုံငွေအား ဥပဒေနှင့်အညီ အသုံးပြုသွားကြရန် ရှင်းလင်းမှာကြားသည်။

စာမျက်နှာ ၇ ကော်လံ ၄ သို့ ✻

# ပန်းလှိုင်ရေထိန်းတံခါး၊ မဲဇလီရေထိန်းတံခါးနှင့် ညောင်တုန်းကျွန်းလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းများ



သတင်း - သပြေထွန်း
ဓာတ်ပုံ - ညောင်တုန်းဝင်းမြင့်ကျော်

နိုင်ငံတော်အစိုးရသည် စပါးသီးနှံနှင့် အခြားသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရေကြီးနစ်မြုပ်မှုဘေးအန္တရာယ်မှ ကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးကဏ္ဍများကို ရှေးရှုဦးတည်၍ အချိန်တိုအတွင်း အောင်မြင်ပြီးစီး အကျိုးခံစားရစေနိုင်မည့် အသေးစားနှင့်အလတ်စား ဆည်မြောင်းစီမံကိန်းများကိုလည်း အရှိန်အဟုန်မြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❁

# ကမ္ဘောဇ၊ ရန်ကုန်နှင့် ရောဝတီတို့နိုင်ပွဲဆက်ပြီး မနောမြေနှင့် ရတနာပုံ အမှတ်ခွဲယူ

ရှိုင်းထက်ဇော်

**ရန်ကုန် မတ် ၂၉**

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၉)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

(သုဝဏ္ဏကွင်း)
မနောမြေ- တစ်ဂိုး(နိုင်ဦးလွင်)
ရတနာပုံ - တစ်ဂိုး (ပွန်ဆီကာ)

(မုံရွာကွင်း)
ရောဝတီ - နှစ်ဂိုး
(ဘင်ဆောင်ဗင်နှင့် ဇေယျာရွှေမြေမှ ဇော်လင်းထွန်း ကိုယ့်ဂိုးကိုယ်သွင်း)
ဇေယျာရွှေမြေ - တစ်ဂိုး
(မက်သယူး)

(အောင်ဆန်းကွင်း)
ကမ္ဘောဇ - နှစ်ဂိုး
(ဇီဘိုဗစ်နှင့် စိုးမင်းဦး)
GFA - တစ်ဂိုး (တန်ခူးဆစ်)

(YUSC ကွင်း)
ရန်ကုန် - နှစ်ဂိုး။
(ဒေးဗစ်ဒန်းနှင့် အီမာဆင်)
ချင်းယူနိုက်တက် - တစ်ဂိုး
(ဘီဘီ)

(ယနေ့ပွဲ)
(အောင်ဆန်းကွင်း)
ဇွဲကပင် - မကွေး



ရတနာပုံနှင့် မနောမြေတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်။

# ဥရောပဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲ ချီဆိုရာနှင့် ဖယ်ရီ ဇူလိုင် ၂၆ ရက် တွင် ယှဉ်ပြိုင်ထိုးသတ်မည်

နိုင်လင်းကြည်



ဗြိတိန်၏ ပရော်ဖက်ရှင်နယ် လက်ဝှေ့ကျော်နှစ်ဦးဖြစ်သည့် ဒါရက်ခ်ချီဆိုရာနှင့် တိုင်ဆန်ဖယ်ရီတို့သည် ဥရောပဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲအဖြစ် ဇူလိုင် ၂၆ရက်တွင် မန်ချက်စတာမြို့၏ Phones 4U လက်ဝှေ့ကြိုးဝိုင်းကြီးထဲတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသည် ဗြိတိန်လက်ဝှေ့ကျော်နှစ်ဦး၏ မကျေပွဲပြန်လည်ထိုးသတ်မည့် ပွဲစဉ်တစ်ပွဲဖြစ်လာခဲ့ပြီး ၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်းက တိုင်ဆန်ဖယ်ရီက ချီဆိုရာအား ကွင်းလယ်ဒိုင်အမှတ်ဖြတ်မှုနှင့်အတူ နိုင်ပွဲရရှိထားခဲ့ပြီး ယခုပွဲအနိုင်ရရှိပါက ဒဗလျူဘီအိုချန်ပီယံကလစ်ချန်ကိုအား စိန်ခေါ်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ရမည့်ပွဲစဉ်လည်း ဖြစ်လာမည်ဖြစ်သည်။

ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့ကျော်နှစ်ဦးဖြစ်သည့် ချီဆိုရာနှင့် ဖယ်ရီတို့၏ အဆိုပါပြိုင်ပွဲသည် မကြာသေးသည့် နှစ်များအတွင်းမှ စတင်ကာ ဗြိတိန်၏ ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲများထဲတွင် ပြိုင်ဆိုင်မှုပြင်းထန်သည့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

## နိုင်ငံတစ်ဝန်းတွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ယနေ့ စတင်ကောက်ယူပြီ







CHD BANK

# ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်



## ကျေးဇူးတင်လွှာ

၂၆. ၃. ၂၀၁၄ ရက်နေ့တွင် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် **နေပြည်တော်ဘဏ်ခွဲ**ဖွင့်လှစ်သည့် အခမ်းအနားသို့ မအားလပ်သည့်ကြားမှကြွရောက်ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးတင့် (ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် နာယကအဖွဲ့ဝင်)၊ ဝန်ကြီးဌာနအသီးသီး၊ ဗဟိုဘဏ်နှင့် နေပြည်တော်ကောင်စီနယ်မြေမှဌာနဆိုင်ရာအကြီးအကဲများ၊ Founder Shareholder များ၊ ဘဏ်လုပ်ငန်းရှင်များ၊ ဧည့်သည်တော်များ၊ Myawaddy, Skynet ၊ Media နှင့်စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များအားအထူးကျေးဇူးတင်ရှိပါကြောင်း။

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်၏ ဒုတိယဘဏ်ခွဲအဖြစ် နေပြည်တော်ဘဏ်ခွဲကို ၂၆.၃.၂၀၁၄ ဗုဒ္ဓဟူးနေ့၌ ဖွင့်လှစ်ပြီးဖြစ်ပါ၍ စီးပွားရေးကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန် ပြည်သူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် BOTစနစ်ဖြင့် အကျိုးတူဆောင်ရွက်လျက်ရှိသော လမ်းတံတားလုပ်ငန်းရှင်များ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အကျိုးတူဆောင်ရွက်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် ငွေရေးကြေးရေးဆိုင်ရာဘဏ်လုပ်ငန်းများကို ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြပါရန် သတင်းကောင်းပါးအပ်ပါသည်။

“မြန်မာနိုင်ငံသားတိုင်း၏နေထိုင်မှုအဆင့်အတန်းမြင့်မားစေရန်နှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပြုလုပ်ရန် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်”

ဆက်သွယ်ရန်လိပ်စာ
ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်
နေပြည်တော်ဘဏ်ခွဲ
[illegible]
[illegible]
နေပြည်တော်။
ဖုန်း - [illegible]
ဖက်စ် - [illegible]

## ဖြူးမဟာစည်ရိပ်သာ (ဖြူးမြို့) နွေရာသီတရားစခန်းဖွင့်မည်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့၊ ပင်စင်လမ်း၊ မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီ မဟာစည် သတိပဋ္ဌာန်ဝိပဿနာသင်္ကြန်အထူးတရားစခန်းပွဲကြီးကို [၁၃၇၅ခုနှစ်၊ တန်ခူးလဆန်း ၉ရက် (တနင်္လာနေ့) မှ ၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်(တနင်္လာနေ့) အထိ] ၇-၄-၂၀၁၄ရက်မှ ၂၁-၄-၂၀၁၄ရက်အထိ ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တအဂ္ဂဝရ သာသနာပြု နယ်လှည့်ဓမ္မကထိက၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ Ph.D.INDIA ဦးဆောင်၍ ဖြူးဆရာတော်၏တပည့် ဓမ္မကထိက သံဃာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်အားထုတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ အချိုရည် လှူဒါန်းလိုသူများသည် ရိပ်သာအကျိုးတော်ဆောင်အဖွဲ့၊ ဖုန်း ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂၊ ၀၉ ၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် မဟာသင်္ကြန်(၁၀)ရက်အဓိဋ္ဌာန်အထူးတရားစခန်းပွဲကျင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယကကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီးကိုယ်တိုင်ဦးစီး၍ မဟာသင်္ကြန်(၁၀)ရက် အဓိဋ္ဌာန် အထူးတရားစခန်းကို ၁၂-၄-၂၀၁၄ရက်မှ ၂၁-၄-၂၀၁၄ရက်အထိ ဟောကြားပြသပေးမည်ဖြစ်ပါ၍ ယောဂီများသည် ၁၁-၄-၂၀၁၄ရက် ညနေ ၄နာရီအရောက် လာရမည်ဖြစ်ကြောင်းနှင့် လစဉ်ပုံမှန်တန်ခူးလတရားစခန်းသည် အထူးတရားစခန်းနှင့် တိုက်ဆိုင်နေပါသဖြင့် မဖွင့်လှစ်ဖြစ်ကြောင်းသိရသည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၂၅၀၃၆၅၁၁၅၊ ၆၃၇၂၈၁၊ ၆၃၅၀၂၇ သို့ ဆက်သွယ်နိုင်ပါသည်။

### ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၃-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၄)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ကျင်မြင့်၏ အများသိစေရန် ကြော်ငြာပါ ဦးရာဂျား[၁၀/မလမ(နိုင်)၁၅၁၄၉၂]အစား ဦးရာဂျူး[၁၀/မလမ(နိုင်)၁၅၁၄၉၂]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### (၃)နှစ်ပြည့်မင်္ဂလာမွေးနေ့ဆုတောင်း

ဖေဖေ၊ မေမေတို့၏ အမြွာသမီးရတနာလေး **ယွန်းလဲ့ခင်(ပင်းပင်း)နှင့် ရွှန်းလဲ့ခင်(ချင်းချင်း)**တို့၏ ၃၀-၃-၂၀၁၄ ရက်တွင် ကျရောက်သည့် (၃)နှစ်ပြည့် မွေးနေ့မှသည် ပျော်ရွှင်ချမ်းမြေ့ ပြီးပြည့်စုံသောဘဝကို လျှောက်လှမ်းနိုင်သော သမီးရတနာလေးများ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်----

**ဘိုးဘိုး - ဦးသက်လွင်၊ ဘွားဘွား - ဒေါ်ခင်ဖြူဖြူ**

**ဖေဖေ - ဦးဝင်းထွန်းနိုင်၊ မေမေ - ဒေါ်လွင်လဲ့ဖြူ**

**"တမ်းတမ်းတ"အလှကုန်၊ ပုသိမ်မြို့။**

**အန်တီ - ဒေါ်လွင်လတ်ဖြူ (Peace Myanmar Electric Co.,Ltd.)**

**မမ - ရိကျယ်(ခ)ဣသူခင်၊ အမက(၂၀) ပုသိမ်မြို့**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၃-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာကြော်ငြာ(စာမျက်နှာ-၁) (ကော်လံ-၁၊ ၂၊ ၃၊ ၄) ဒေါ်တင်နီလာချစ် "တရားလွှတ်တော်ရှေ့နေ" အစား "အထက်တန်းရှေ့နေ"ဟု ပြင်ဆင်ဖတ်ရှုပါရန် ဦးဘချစ်(LL.B, D.B.L)တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၃၆) အမှတ်-၅၀၊ ၁၁၉ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း-၀၉-၇၃၁၂၃၉၇၇**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၅၆)၊ မြေကွက်တည်နေရာအမှတ်(၅၆)၊ (၁၅)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးတင်အောင်ဇော်[၁၂/ဗဟန(နိုင်)၀၅၅၂၈၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်အောင်ဇော် တရားရုံးကိုယ်စား ဘီလစ် ဒေါ်နှင်းဝင့်ဝင့်ဖြူ[၈/ဆဖန(နိုင်)၀၅၁၂၄၃]မှ အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

[illegible]

E-mail: nalandassociate@gmail.com

E-mail: khinma53@gmail.com

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၇၃၀)၊ မြေကွက်တည်နေရာအမှတ်(၇၃၀)၊ မာဃ(၄)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်မြကြည်၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မြကြည်နှင့်ခင်ပွန်း ဦးကျော်မြ(ဦးကောသလ္လ) ကွယ်လွန်သဖြင့် ဒေါ်ခင်မမ[၁၂/ဥကတ(နိုင်)၁၁၃၃၇၇၁]က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈-A၊ မြေကွက်အမှတ်-၈၉၊ မြေကွက်တည်နေရာအမှတ်(၂၅)၊ ကုံးကော်လမ်း၊ စမ်းချောင်းမြို့နယ် ဦးအောင်သန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအောင်သန်း ကွယ်လွန်သဖြင့် ဒေါ်ခင်အေး[၁၂/စခန(နိုင်)၀၃၅၇၈၄]က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/နွယ်အေး၊ မြေကွက်အမှတ်-၄၁၄၊ မြေကွက်တည်နေရာအမှတ်(၄၁၄)၊ သဇင်နွယ်(၂)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးအောင်ကျော်၊ ဦးစိန်ခေါတော အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိန်ခေါတော(ဖခင်)နှင့်(မိခင်) ဒေါ်အုန်းမြင့်တို့ကွယ်လွန်သဖြင့် ၎င်းတို့ပိုင်ဆိုင်ခွင့်ရှိသည့်အစုအား ၎င်းတို့၏တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မြင့်မြင့်ခင်[၁၂/ဒပန(နိုင်)၀၆၀၀၇၁]မှ ကျမ်းကိုန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ချမ်းအေးဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသထေရ် သက်တော်(၆၀)နှစ်ပြည့် မွေးနေ့မင်္ဂလာပူဇော်ပွဲ

၁၃၇၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၇)ရက်၊ ၆-၄-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ချမ်းအေးရိပ်သာကျောင်းတိုက်၌ **ချမ်းအေးဆရာတော် အရှင်သူမြတ်**၏ သက်တော်(၆၀)နှစ်ပြည့် မွေးနေ့မင်္ဂလာ ပူဇော်ပွဲအခမ်းအနားကို ကျွန်တော်များ ချမ်းအေးစတုပစ္စယတပည့်များမှ ပူဇော်လှူဒါန်းကြမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ဒေသအသီးသီးမှ ဆရာတော်၏ ရဟန်းဒါယကာ/ဒါယိကာမများ၊ ချမ်းအေးယောဂီများ ကြွရောက်၍ ပူဇော်ကြပါရန် မေတ္တာများဖြင့် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

**ချမ်းအေးစတုပစ္စယအဖွဲ့(ရန်ကုန်)** **(သီးခြားဖိတ်စာမပို့ပါ)**

**ကိုသက်နိုင် ဖုန်း-၀၉-၇၃၀၆၉၇၉၄၊**

**ကိုအောင်မျိုးမင်း ဖုန်း-၀၉-၄၅၀၀၄၃၀၁၂**

**ကိုသန်းဝင်းကျော် ဖုန်း-၀၉-၅၁၅၆၄၉၉**

## ရှင်သာမဏေဓမ္မဗိမာန် အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန် သင်္ကြန်တွင်း မဟာသတိပဋ္ဌာန်(၇)ရက်စခန်း/သင်တန်း

မဟာသတိပဋ္ဌာနသုတ်လာ သတိပဋ္ဌာန်တရားတော်နှင့် မဇ္ဈိမပဋိပဒါ လက်တွေ့ကျင့်စဉ် (၇)ရက်စခန်းသင်တန်းကို ဆရာတော် အရှင်ကုဏ္ဍလ(သျှင်မိုးဝေ)က အောက်ပါအစီအစဉ်အတိုင်း စာတွေ့/လက်တွေ့ သင်ကြားပေးမည်ဖြစ်ပါ၍ ဓမ္မဒါန တက်ရောက်သင်ယူ အားထုတ်နိုင်ပါသည်။

သင်ကြားမည့်နေ့ရက် - ၁၂-၄-၂၀၁၄ရက် (စနေ)မှ ၁၈-၄-၂၀၁၄ ရက်(သောကြာထိ)

သင်ကြားမည့်အချိန် - နံနက် ၈နာရီမှ ညနေ ၄း၃၀နာရီထိ

မှတ်ချက် - သင်တန်းသားယောဂီအရေအတွက် သတ်မှတ်ထားပါသဖြင့် ရှင်သာမဏေ ဖုန်း-၀၁-၃၈၇၃၆၁၊ ဦးကိုကိုဇော် ဖုန်း-၀၉-၄၀၃၇၀၀၄၇၀၊ ဒေါ်တင်တင်ခိုင် ဖုန်း-၀၉-၂၅၄၂၀၉၂၇၀ သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

- နေ့လယ်စာကို မိမိအစီအစဉ်ဖြင့် အဆင်မပြေပါက စီစဉ်ပေးနိုင်ပါသည်။

## ကသစ်ဝိုင်အောင်ချမ်းသာဓမ္မရိပ်သာ

### သင်္ကြန်အထူးတရားပွဲနှင့် ဒုလ္လဘရဟန်းခံသီလရှင်ဝတ်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ကသစ်ဝိုင် အောင်ချမ်းသာဓမ္မရိပ်သာကြီးတွင် မူလကသစ်ဝိုင်ဆရာတော်ကြီးနှင့် ညောင်သုံးခွ ဓမ္မရိပ်သာဆရာတော်၏တပည့် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တအာစာရသိက္ခသည် သင်္ကြန်အထူးတရားစခန်းကို ၁၂-၄-၂၀၁၄ရက်မှ ၁၈-၄-၂၀၁၄ ရက်အထိ (၁၃၇၅ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်မှ တန်ခူးလပြည့်ကျော် ၄ ရက်)အထိ တရားစခန်းဖွင့်လှစ်မည်ဖြစ်ပါသည်။

ဒုလ္လဘရဟန်းဝတ်လိုသူများ၊ သီလရှင်ဝတ်လိုသူများ၊ တရားဝင်လိုသူယောဂီများ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အချိုရည်လှူဒါန်းလိုသူများသည် ဖုန်း-၀၅၆-၂၁၄၄၁၊ ၀၅၆-၂၂၀၁၉၊ ၀၉-၅၀၁၃၇၇၃ သို့ ကြိုတင်စာရင်းပေး လှူဒါန်းနိုင်ပါသည်။



## ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၈ခ/၇၆၀၄ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**











## အိမ်စီးကားသန့်ရောင်းမည်

Toyota Caldina ZT.(စက်ရုပ်)
2002(ခုတ်ဆီ) 2.09. (ခုတ်တိုင်ရောင်)
Kilo 48208-3D.တစ်လက်ကိုင်
All Originals ၅လပိုင်း လိုင်စင်ဝင်ပြီး
သိန်း(၁၉၀)ညှိနှိုင်း

**ဖုန်း-၀၁-၂၉၁၆၈၆၊**
**၀၉-၂၅၀၂၈၁၆၃၁**




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ကြည်စု)၊ မြေကွက်အမှတ်(၇၁)၊ မြေကွက်တည်နေရာအမှတ်(၇၁)၊ ရတနာသီရိလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးအောင်ကြည်၊ ဦးစိုးပိုင်၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၂)ဦးအနက် ဦးအောင်ကြည် (ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်လှသိန်း[၁၂/ဒပန(နိုင်)၀၁၅၃၄၁]နှင့် ကျန်ပူးတွဲ အမည်ပေါက် ဦးစိုးပိုင်တို့ထံမှ GP (၁၁၇၁/၁၃-၁-၁၄)ဖြင့် ရရှိသူ ဦးညိုလှမောင် (ဘီတီဂျီ-၂၁၀၃၆၈)မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်(၇၃၁)၊ မြေကွက်တည်နေရာအမှတ်(၇၃၁)၊ စာဂလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးကျော့ အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဦးကျော့ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးဇေယျာထွန်းညို[၁၂/အစန(နိုင်)၁၆၁၀၂၇]က ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်(၁၁၀၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၁၀၄/ခ)၊(၁၇)လမ်း၊(၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးချစ်လှိုင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက် ဦးချစ်လှိုင်နှင့်(ဇနီး) ဒေါ်သန်းရွှေ (ခ)ဒေါ်မဲ(သမီး) ဒေါ်စန်းမြင့် (အပျိုကြီးဘ၀) ဖြင့် အသီးသီးကွယ်လွန်သဖြင့် ဒေါ်ကြင်ဥ[၁၂/ဥကတ(နိုင်)၁၂၁၆၃၉]က သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

